မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်၊ ၂၀၁၀ ခုနှစ်၊ မတ် ၁၃ ရက်၊ စနေနေ့၊ အတွဲ (၄၉)၊ အမှတ် (၁၆၄)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကျေးရွာချင်းဆက် ကျောက်ချောလမ်း ဖောက်လုပ်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် လိုက်ပါလျက် မတ် ၁၁ရက် နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ရန်ကုန်-ပြည်လမ်းမကြီးနှင့် အုတ်ပုံ-ဖိုးခါးချီး လမ်းဆုံသို့ ရောက်ရှိ၍ အုတ်ပုံ- ဖိုးခါးချီး ကျေးရွာချင်းဆက် ကျေးလက်ကျောက်ချောလမ်း ဖောက်လုပ်ပြီးစီးမှုနှင့် တဘူးလှဆည် လက်ဝဲမြောင်းကူး ကွန်ကရစ်တံတားအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား နွေစပါးတိုးချဲ့စိုက်ပျိုးရန် မှာကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တိုက်ကြီးမြို့နယ် ဥတိုကျေးရွာသို့ရောက်ရှိ၍ ဥတို-သနပ်ချောင်း ကျေးရွာချင်းဆက် ကျေးလက်ကျောက်ချောလမ်းကို ကြည့်ရှုစစ်ဆေးပြီး တိုက်ကြီး-ဂျိုးဖြူကန် အဝင်လမ်းသို့ ရောက်ရှိရာ တာဝန်ရှိသူတို့က တိုက်ကြီး-ဂျိုးဖြူကန် အဝင်လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက မိုးမကျမီ အပြီးဆောင်ရွက်ရန် မှာကြားသည်။

စာမျက်နှာ ၉ ကော်လံ ၂ ❐

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ပထမအကြိမ်အစည်းအဝေး(၁/၂၀၁၀)ကျင်းပ

နေပြည်တော် မတ် ၁၂

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ပထမအကြိမ်အစည်းအဝေး(၁/၂၀၁၀)ကို ယနေ့နံနက် ၉နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုး တက်ရောက်၍ အမှာစကားပြောကြားပြီး လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းမှာကြားသည်။

နိဂုံးချုပ်အမှာစကားပြောကြား

ထို့နောက် ကော်မရှင်အဖွဲ့ဝင်များက အသေးစိတ်ဆွေးနွေးကြပြီး ဥက္ကဋ္ဌ ဦးသိန်းစိုးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ကော်မရှင်အဖွဲ့ဝင်များ စုံညီစွာ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုး ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် ပထမအကြိမ် အစည်းအဝေး (၁/၂၀၁၀) တွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

တောင်စောင်းများ၌ လှေကားထစ်များပြုလုပ်၍ အတန်းလိုက် ညီညာစွာ စိုက်ပျိုးထားသော လက်ဖက်စိုက်ခင်းများကို ဤသို့ လှပစွာ မြင်တွေ့ရသည်မှာ....။

ဓာတ်ပုံမှတ်တမ်း-လေးနွယ်(မင်္ဂလာဒုံ)

တောင်လှေကားထစ် အမြင်သစ်ဖြင့် ရှုမငြီးသည့် တာချီလိတ်မြို့အနီးမှ ရနံ့သင်းသင်းလက်ဖက်စိုက်ခင်း

သတင်းခရီးသည် - မောင်မောင်မြင့်ဆွေ ဓာတ်ပုံမှတ်တမ်း - လေးနွယ်(မင်္ဂလာဒုံ)
စာမျက်နှာဖွဲ့စည်းမှု - လဲ့လဲ့ဝင်း (မြန်မာ့အလင်း)

နေပြည်တော် မတ် ၁၂

တာချီလိတ်နှင့် ကျိုင်းတုံကို ဆက်သွယ်ထားသည့် ပြည်ထောင်စုလမ်းမ၏ ၁၀မိုင်ခန့်အကွာ၌ မိုင်ကိုး ကျေးရွာအုပ်စုရှိသည်။ မိုင်ကိုးသို့အရောက် ကတ္တရာလမ်းမှ ဘယ်ဘက် ချိုးကွေ့လိုက်သည်နှင့် မြေသားလမ်း ဖြစ်သွားသည်။ မြေသားလမ်းအတိုင်း သုံးမိုင်ခန့် မောင်းဝင်လိုက်ရာ ဟိုယန်းရွာသစ်သို့ ရောက်ရှိသည်။ ဟိုယန်းရွာသစ်ကို နောက်ခံပြုထားသည့် ရှမ်းရိုးမတောင်ကုန်းတောင်စွယ်များပေါ်သို့ လှမ်းကြည့်လိုက်ရာ ပန်းချီကားတစ်ချပ်သဖွယ် လှပစွာ စိုက်ပျိုးထားသော တောင်စောင်းလက်ဖက်စိုက်ခင်းများကို မျက်စိတစ်ဆုံး မြင်တွေ့လိုက်ရသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❍

13-3 (01).pmd 1 3/13/2010, 2:37 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် မတ် ၁၃ ရက်)

အမျိုးသားရေးမူဝါဒ ဒို့တာဝန်အရေးသုံးပါးကိုထိန်းသိမ်းကာကွယ်စောင့်ရှောက်

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် လမ်းပန်းဆက်သွယ်ရေးကို ကွန်ရက်သဖွယ် ဆောင်ရွက်ပေးခြင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံပညာကဏ္ဍတွင် ကျောင်းများတိုးချဲ့ဖွင့်လှစ်ခြင်းစသည်ဖြင့် အဆင့်မြင့်တင် ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခန်းကဏ္ဍမှပါဝင်သည့် အတတ်ပညာနှင့် နည်းပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် ဖွံ့ဖြိုးရေးဒေသကြီး(၂၄)ခုတို့၌ ဝိဇ္ဇာ၊ သိပ္ပံ တက္ကသိုလ်၊ ကွန်ပျူတာ တက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ် တစ်ခုစီ တည်ဆောက်ဖွင့်လှစ်ပေးထားပြီး ဖြစ်သည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ကွန်ပျူတာတက္ကသိုလ်(လားရှိုး) ပင်မသုံးထပ်စာသင်ဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို မတ်လ ၁၁ရက်နေ့က ယင်းတက္ကသိုလ်၌ ကျင်းပခဲ့သည်။ လားရှိုးမြို့သည် ဖွံ့ဖြိုးရေးဒေသကြီး(၂၄)ခု၌ တစ်ခုအပါအဝင်ဖြစ်သည်။ ရှမ်းပြည်နယ်အတွင်း၌ တောင်ကြီး၊ ပင်လုံ၊ ကျိုင်းတုံ၊ လားရှိုး စသည့်မြို့များ၌ တက္ကသိုလ်များ ထူထောင်ပေးခဲ့ရာ ဒေသခံလူငယ်မောင်မယ်များ တက္ကသိုလ်ပညာရပ်များကို လက်လှမ်းတမီ သင်ယူနိုင်ကြပြီဖြစ်သည်။

မျက်မှောက်ကာလ၌ အတတ်ပညာနှင့် နည်းပညာများသည် တစ်နေ့တခြား တိုးတက်များပြားလျက်ရှိရာ နိုင်ငံတကာနှင့် ရင်ပေါင်တန်း လိုက်ပါနိုင်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးလျက်ရှိသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို တည်ဆောက်ရာတွင် အသိပညာရှင် အတတ်ပညာရှင်များဖြင့်သာ ထူထောင်နိုင်မည်ဖြစ်ရာ ယနေ့တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၏ အခန်းကဏ္ဍသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျလျက်ရှိသည်။ နိုင်ငံတော် ခေတ်မီတိုးတက်ရေးအတွက် လူကောင်းလူတော်များ လိုအပ်သကဲ့သို့ ပညာရပ်ဆိုင်ရာ တတ်ကျွမ်းပြီး စည်းကမ်းကောင်းခြင်း၊ အကျင့်စာရိတ္တ ကောင်းခြင်းနှင့် စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ထက်သန်မှုလည်း ထားရှိကြရမည်ဖြစ်သည်။

နိုင်ငံတော်၏ အမျိုးသားရေး ရည်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်အကောင် အထည်ဖော်ရာတွင် နိုင်ငံသားတိုင်းသည် အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို စွဲမြဲစွာ လက်ခံယုံကြည်ပြီး ထိန်းသိမ်းကာကွယ် စောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စစ်ကိုင်းခရိုင်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ
တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၂

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်စိုးသည် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၆ရက်က စစ်ကိုင်းတိုင်း စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့ရှိ အမှတ်(၃) ခရိုင်ချင်းဆက်လမ်း စစ်ကိုင်းခရိုင်အပိုင်းလမ်း ပြုပြင်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဖြည့်ဆည်းပေး

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် အမှတ်(၃)ခရိုင်ချင်းဆက်လမ်း မိုင်တိုင် အမှတ်(၀/၇)မိုင်ရှိ ရှင်းလင်းဆောင်သို့ ရောက်ရှိခဲ့ကြရာ စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးက အမှတ်(၃)ခရိုင်ချင်းဆက်လမ်း စစ်ကိုင်းခရိုင် အပိုင်းရှိ လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များကို မှာကြား ဖြည့်ဆည်းပေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်ပြီး တိုင်းမှူးသည် တံတား တည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ တာဝန်ခံအင်ဂျင်နီယာမှူးက တံတား တည်ဆောက်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး တိုင်းမှူးက လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးခဲ့ကာ လိုအပ်သည်များကို မှာကြားခဲ့သည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် အမှတ်(၃)ခရိုင်ချင်းဆက်လမ်း (စစ်ကိုင်းခရိုင်)အတွင်း လမ်းပိုင်းအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဆက်လက်ထွက်ခွာခဲ့ရာ စစ်ကိုင်းမြို့နယ် မန္တလေး-မုံရွာ ကားလမ်းဘေးရှိ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း အုန်းတော ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိခဲ့သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ရှင်းလင်းဆောင်ခန်းမတွင် တာဝန်ခံအင်ဂျင်နီယာမှူးက အုန်းတော ဓာတ်အားခွဲရုံနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး တိုင်းမှူးက ဓာတ်အားခွဲရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကာ လိုအပ်သည်များကို မှာကြားခဲ့သည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် စစ်ကိုင်းမြို့နယ် ဆင်တပ်ကျေးရွာအနီးရှိ ဆင်တပ် လျှပ်စစ်မြစ်ရေတင်စီမံကိန်း၏ တိုးချဲ့လက်တံမြောင်း တည်ဆောက်ရေး လုပ်ငန်းခွင်သို့ရောက်ရှိစစ်ဆေးပြီးနောက် တိုင်းမှူးနှင့်အဖွဲ့သည် စစ်ကိုင်း ခရိုင်မြောင်မြို့နယ် ပရိမ္မကျေးရွာအနီးရှိ တွင်းကြီး လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိကြပြီး ရှင်းလင်းဆောင်၌ ရေအရင်းအမြစ် အသုံးချရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက လျှပ်စစ်မြစ်ရေတင်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

မှာကြားဖြည့်ဆည်း

၄င်းနောက် တိုင်းမှူးသည် လျှပ်စစ်မြစ်ရေတင်မှ ရေတင်ပေးပို့နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(တနင်္ဂနွေနေ့-နံနက်+နေ့လယ်+ည)

၁၄-၃-၂၀၁၀

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇း၀၅ တရားတော် **(ပုဗ္ဗဏှသုတ်)** ဓမ္မပူဇာတေးပဒေသာ
၇း၂၀ (၃၈)ဖြာမင်္ဂလာ
၇း၂၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်းဆောင်းပါး
၈း၁၀ နံနက်ခင်းတေးပဒေသာ
၈း၃၀ ဘဝအသွင် ကဗျာ့အမြင် (မတ်လမှသည်)
၈း၄၅ တေးပဒေသာ
၁၀း၀၀ မင်္ဂလာလက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၄၅ သန့်စွမ်းကျန်းမာကိုယ်ခန္ဓာ (အရိုးကြွပ်ဆတ်ရောဂါမဖြစ်ရေး အလွယ်ကူဆုံးနည်းလမ်းများ)
၁၀း၄၀ တေးစီးရီး(သူနဲ့သာဆိုရင်-စိုးစန္ဒာထွန်း)
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ ဆိုကြပျော်ရွှင်တေးသံစဉ်(၇၇)
၁၂း၀၀ စံတော်ချိန် ကလေးအစီအစဉ် (ကလေးများအတွက် တေးကဗျာ-ဒို့တိုင်းပြည်)
၁၂း၁၀ ဘဝတစ်ကွေ့အတွေ့အကြုံ (အသက်တစ်ချောင်းကယ်ကောင်း ပါတယ်) နေ့လယ်ခင်းတေးပဒေသာ
၁၂း၃၀ စာအုပ်စာပေလူ့မိတ်ဆွေ
၁။ တက္ကသိုလ်ဆရာတစ်ဦး မှာဖူးသည့်နှုတ်ရည်
၂။ သံတူကြောင်းကွဲစကားလုံး များနှင့်အသုံးအနှုန်းအဘိဓာန် ပထမတွဲ
၁၂း၅၀ နေ့လယ်ခင်းတေးပဒေသာ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ သိလိုသမျှမေး ကျန်းမာရေး
၁၃း၂၀ တေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၂၀ ဆောင်းပါး
၁၆း၃၀ သောတရှင်လိုရာတေး
၁၇း၀၀ မြတ်နိုးစရာ ကျေးရွာတေးကဗျာ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ ညနေခင်းတေးပဒေသာ
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ တေးချစ်သူရွေးသီ တေးပန်းချီ
၁၈း၃၀ သုတစုံကြွယ်သိစေဖွယ် (မိဘကျေးဇူး-ချစ်နိုင်စိတ်ပညာ)
၁၈း၄၅ တေးပဒေသာ
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၁၀ Talk on Line (သအို) နိုင်ငံရေးဦးတည်ချက်
၁၉း၃၀ တေးပဒေသာ
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၂၀ ဖျော်ဖြေသီကြွေး သူ့အလှည့်တေး (လေးလေးဝါး) စီးပွားရေးဦးတည်ချက်
၂၀း၄၀ လယ်ယာစီးပွား(သစ်စိမ်းမြေသြဇာ ပိုက်ဆံလျှော်)
၂၀း၅၀ တေးပဒေသာ လူမှုရေးဦးတည်ချက်
၂၁း၀၀ ရင်တွင်းခံစားတေးသီချင်းများ (ခိုင်ခိုင်မော်)
၂၁း၁၅ ညချမ်းချိန်ခါ တေးပဒေသာ
၂၁း၃၀ ခေတ်မရွေးသောတေး
၂၂း၀၀ အစီအစဉ်ပြီး၏။

နေပြည်တော်ရှိ ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲစာစစ်ဌာနများ
ပညာရေးဝန်ကြီး ဒေါက်တာချမ်းငြိမ်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၂

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ယမန်နေ့ နံနက် ၈နာရီခွဲတွင် နေပြည်တော်အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနသို့ သွားရောက်၍ စာမေးပွဲရုံးခန်းအတွင်း၌ စာမေးပွဲဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများနှင့် ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ စာဖြေခန်းအသီးသီး၌ ဖြေဆိုနေမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

လှည့်လည်ကြည့်ရှု

ထိုမှတစ်ဆင့် ဝန်ကြီးသည် နေပြည်တော်ပျဉ်းမနား အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနနှင့် နေပြည်တော်လယ်ဝေး အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနတို့သို့ရောက်ရှိ၍ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှုများကို **(အပေါ်ပုံ)** လှည့်လည်ကြည့်ရှုကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖေဖော်ဝါရီ ၁၄ရက်က ကောလင်းမြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်တားဆီးရေးစီမံချက်အရ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဇင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မီးဘေးကြိုတင်ကာကွယ်တားဆီးရေး အထောက်အကူပြုကော်မတီဝင်များ မြို့နယ်မီးသတ်စခန်းရှိ မီးသတ်စက်ယာဉ်များ ကြံ့ခိုင်မှုရှိမရှိ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ် ပြန်/ဆက်)

မီးသတ်ပြို ကာကွယ်မှု ပေါင်းစုဆောင်ရွက်ကြ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးအား အိန္ဒိယတပ်မတော် အမှတ်(၃) တပ်မကြီးမှူးနှင့်အဖွဲ့ တွေ့ဆုံ

နေပြည်တော် မတ် ၁၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးအား ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသည့် အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော် အမှတ်(၃) တပ်မကြီးမှူး Lieutenant General NK Singh, AVSM, VSM နှင့် အဖွဲ့သည် မတ် ၉ရက် မွန်းလွဲ ၂နာရီတွင် နေပြည်တော် ပေါင်းလောင်းရိပ်သာ၌ လာရောက်တွေ့ဆုံသည်။

တည်ခင်းဧည့်ခံ

ညပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် ဇနီးတို့က အိန္ဒိယတပ်မတော် အမှတ်(၃) တပ်မကြီးမှူးနှင့်ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား နေပြည်တော် ဟိုတယ်ဇုန်ရှိ ရွှေနန်းတော်ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အိန္ဒိယတပ်မတော် အမှတ်(၃) တပ်မကြီးမှူးနှင့်ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မတ် ၈ရက် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

ထို့နောက် အိန္ဒိယတပ်မတော် အမှတ်(၃) တပ်မကြီးမှူးနှင့်ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြပြီး ညနေပိုင်းတွင် ဒဂုံမြို့နယ် ဇီဝကလမ်းရှိ စပါးရှားဂူဗိမာန်သို့ သွားရောက်ဂါရဝပြုကြသည်။ ဆက်လက်၍ ရွှေတိဂုံစေတီတော်အား သွားရောက် ကြည်ညိုကြသည်။

ကြည့်ရှုလေ့လာ

အဆိုပါ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် မတ် ၉ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ နေပြည်တော်သို့ရောက်ရှိ၍ နေပြည်တော်ရှိ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်သို့ သွားရောက်ကြည့်ရှုလေ့လာကြပြီး ညနေပိုင်းတွင် နေပြည်တော်၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြသည်။

အိန္ဒိယတပ်မတော် အမှတ်(၃) တပ်မကြီးမှူးနှင့်ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မတ် ၁၀ရက် နံနက်ပိုင်းတွင် မန္တလေးမြို့မှတစ်ဆင့် မုံရွာမြို့သို့ ရောက်ရှိကြသည်။

တွေ့ဆုံနှုတ်ဆက်

ထို့နောက် မွန်းလွဲပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးအား အနောက်မြောက်တိုင်း စစ်ဌာနချုပ် ဧည့်ရိပ်သာ၌ သွားရောက်တွေ့ဆုံနှုတ်ဆက်ပြီး ညပိုင်းတွင် အိန္ဒိယတပ်မတော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား တိုင်းမှူးက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အိန္ဒိယတပ်မတော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် မတ် ၁၁ရက် နံနက်ပိုင်းတွင် မုံရွာမြို့ရှိ သမ္ဗုဒ္ဓေစေတီတော်နှင့် ဖောဓိတစ်ထောင်စေတီတို့အား လှည့်လည်ဖူးမြော်ကြပြီး စစ်ကိုင်းမြို့ရှိ ငွေထည်လုပ်ငန်း အရောင်းဆိုင်ကို ကြည့်ရှုလေ့လာကြကာ မွန်းလွဲပိုင်းတွင် မန္တလေးမြို့သို့ ရောက်ရှိကြသည်။

ထို့နောက် မန္တလေးမြို့အတွင်းလှည့်လည် ကြည့်ရှုလေ့လာကြပြီး ညပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေက ဆီဒိုးနားဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ပြန်လည်ထွက်ခွာ

အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော် အမှတ်(၃) တပ်မကြီးမှူးနှင့် အဖွဲ့သည် မတ် ၁၂ရက် နံနက်ပိုင်းတွင် မန္တလေးမြို့မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြပြီး ရန်ကုန်မြို့အတွင်း လှည့်လည်ကြည့်ရှုကြကာ ညနေပိုင်းတွင် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော် ပေါင်းလောင်းရိပ်သာ၌တွေ့ဆုံ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးအား အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော် အမှတ်(၃) တပ်မကြီးမှူး Lieutenant General NK Singh, AVSM, VSM နှင့်အဖွဲ့ နေပြည်တော် ပေါင်းလောင်းရိပ်သာ၌ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်း၌ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဆွေးနွေး

နေပြည်တော် မတ် ၁၂

လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည်သည် မတ် ၁၁ရက်က မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ခန်းမ၌ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ မန္တလေးခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ လူကုန်ကူးမှု နောက်ခံသမိုင်းကြောင်း၊ ကမ္ဘာတစ်ဝန်းနှင့် ဒေသတွင်း လူကုန်ကူးမှု ဆက်စပ်ဖြစ်စဉ်များနှင့် မြန်မာနိုင်ငံ၏ လူကုန်ကူးမှု တားဆီးကာကွယ်တိုက်ဖျက်ရေး အားထုတ်ကြိုးပမ်းဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ စီမံရေးရာဌာနမှူး ဒေါက်တာဒေါ်ခင်အောင်ငွေက အမျိုးသမီးများ၏ဘဝ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

(သတင်းစဉ်)

လူမှုဝန်ထမ်းဦးစီးဌာန ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့နှင့် ကုလသမဂ္ဂ ကျားမကဏ္ဍ တန်းတူညီမျှရေးလုပ်ငန်းအုပ်စုတို့ ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့(၂၀၁၀) အထိမ်းအမှတ်ဆွေးနွေးပွဲ ကျင်းပစဉ်။

(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့(၂၀၁၀) အထိမ်းအမှတ်ဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် မတ် ၁၂

လူမှုဝန်ထမ်းဦးစီးဌာန ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့နှင့် ကုလသမဂ္ဂ ကျားမကဏ္ဍ တန်းတူညီမျှရေးလုပ်ငန်းအုပ်စုတို့ ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ (၂၀၁၀) အထိမ်းအမှတ်ဆွေးနွေးပွဲကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

ဖတ်ကြား

ရှေးဦးစွာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့သဝဏ်လွှာကို ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဌာနေညှိနှိုင်းရေးမှူး Mr.Bishow B.Parajuli က ဖတ်ကြားသည်။

ထို့နောက် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr.Mohammed Abdel-Ahad က အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ဆောင်ပုဒ်ဖြစ်သည့် အခွင့်အရေးတူ၊ အခွင့်အလမ်းတူ အောင်မြင်အတူတကွ ကျားနှင့်မ ဆောင်ပုဒ်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ လက်ထောက်ဌာနေကိုယ်စားလှယ် ဒေါ်ပင်စီထွန်းသိန်းက နာဂစ်အလွန် လေ့လာဆန်းစစ်မှုများ စာတမ်းကို ဖတ်ကြားသည်။

ဆွေးနွေး

ယင်းနောက် လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်က အရေးပေါ်အခြေအနေတွင် အမျိုးသမီးများ ကာကွယ်ဆောင်ရွက်မှု လုပ်ငန်းအစီအစဉ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့မှ ဒေါ်သွန့်သွန့်သိန်းက အမျိုးသမီးများနှင့် လူကုန်ကူးမှုအကြောင်းကို လည်းကောင်း၊ UNAIDS မှ Ms. Annami Lofving က အမျိုးသမီးများနှင့် HIV အကြောင်းကို လည်းကောင်း၊ သင်္ဂဟ Gender Group မှ ဦးဘီလီကံမြတ်က အမျိုးသမီးများ စွမ်းရည်နှင့်လုပ်ပိုင်ခွင့် အပ်နှင်းရေးအတွက် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ လုပ်ငန်းအစီအမံများကို လည်းကောင်း ဆွေးနွေးကြသည်။

အကြံပြု

ထို့နောက် တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးကြပြီး ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

(သတင်းစဉ်)

ရှေ့နေချုပ်ရုံးနှင့် ပြည်နယ်၊ တိုင်း၊ ခရိုင် ဥပဒေအရာရှိများ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ အတွေ့အကြုံ ရှင်းလင်း

တောင်ကြီး မတ် ၁၂

(၃၂)ကြိမ်မြောက် ရှေ့နေချုပ်ရုံးနှင့် ပြည်နယ်၊ တိုင်း၊ ခရိုင် ဥပဒေအရာရှိများ၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ အတွေ့အကြုံ ရှင်းလင်းပွဲကို မတ် ၇ရက် နံနက် ၉ နာရီခွဲက တောင်ကြီးမြို့ ရှမ်းပြည်နယ် ဥပဒေရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားသို့ ရှမ်းပြည်နယ်ဥပဒေရုံး၊ တောင်ကြီးခရိုင် ဥပဒေရုံးနှင့် တောင်ကြီးမြို့နယ် ဥပဒေရုံးမှ ဥပဒေအရာရှိများ၊ တောင်ကြီးခရိုင်အတွင်းရှိ မြို့နယ်ဥပဒေရုံးများမှ မြို့နယ်ဥပဒေအရာရှိများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်ဥပဒေအရာရှိ ဦးမောင်မောင်က အဖွင့်အမှာစကား ပြောကြားပြီး (၃၂)ကြိမ်မြောက် ရှေ့နေချုပ်ရုံးနှင့် ပြည်နယ်၊ တိုင်း၊ ခရိုင် ဥပဒေအရာရှိများ၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ အတွေ့အကြုံများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အခမ်းအနားသို့တက်ရောက်လာသော ဥပဒေအရာရှိများက တင်ပြဆွေးနွေးကြပြီး ပြည်နယ်ဥပဒေအရာရှိက ပြန်လည် ရှင်းလင်းဆွေးနွေးသည်။

(ပြည်နယ် ပြန်/ဆက်)

ယခုအပတ်ထုတ် ဒို့ကျေးရွာဂျာနယ် ဖြန့်ချိ

ရန်ကုန် မတ် ၁၂

ဒို့ကျေးရွာဂျာနယ် အတွဲ(၇)၊ အမှတ်(၆)ကို ၂၀၁၀ ခုနှစ် မတ် ၁၅ရက်တွင် ထုတ်ဝေထားသည်။

စုံလင်စွာဖော်ပြထား

ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် မြေပဲအထွက်တိုးရန် ပြုပြင်ရမည့် နည်းပညာများ၊ ဝင်ငွေတိုးချင်လျှင် ပဲတီစိမ်းစိုက်ဖို့ပြင်၊ သီးနှံပိုထွက်အောင် ဒါလေးတစ်ချက်ဆောင်ရွက်ပါ၊ မိုးစပါးနှင့် နွေစပါးအကြောင်း သိကောင်းစရာ၊ ဒို့ကျေးရွာမှ ပေးစာတစ်စောင် စသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ မွေးမြူရေးသမားတို့ လိုက်နာကျင့်သုံးသင့်သည့် စည်းပင်ဥပဒေ၊ ကြက်ခြံသန့်ရှင်းရေးနှင့် အီကိုလိုင်ရောဂါ၊ ဝက်များတွင်ဖြစ်တတ်သည့် နိပါးဗိုင်းရပ်စ်ရောဂါ၊ ခိုင်းနွားရှားပါးမှုဖြေရှင်းရေး နွားမတစ်ကောင် အပိုမွေး စသည့် မွေးမြူရေးဆောင်းပါးများ၊ အကောင်းမြင်တတ်သူ အသက်ပိုရှည်၊ ပိန်စေသော အစားအသောက်ပုံစံ၊ လူသားတို့၏ အသက်သခင် ရေ၊ မျက်စိချက်ချင်းကွယ်စေသည့် မျက်ကြည်လွှာ အနာရောဂါ၊ ခြင်ကြောင့်ဖြစ်သောရောဂါ ချီကန်ဂန်ညာ စသည့် ကျန်းမာရေးဆောင်းပါးများ၊ အတိတ်မှသည် အနာဂတ်ဆီသို့ စသည့် အသိပညာပေး သုတ၊ ရသ ဆောင်းပါးများ၊ ယနေ့ နိုင်ငံရေးအခြေအနေနှင့် ပတ်သက်၍ သမိုင်းတစ်ခေတ် နှိုင်းချင့်ဝေဖန်(၂)၊ ရွေးချယ်သင့်သောနိုင်ငံရေး စသည့် နိုင်ငံရေးဆောင်းပါးများ၊ စားနပ်ရိက္ခာဖူလုံမှုအတွက် ဇီဝပြုပြင်သီးနှံများ ဘင်္ဂလားဒေ့ရှ်နိုင်ငံ စမ်းသပ်စိုက်ပျိုး၊ နိုင်ငံရပ်ခြားမှ ဆရာဝန်များ အင်ဒိုနီးရှားနိုင်ငံ၌ လိုအပ်လျက်ရှိ၊ အယ်လ်နီညိုရာသီဥတုကြောင့် ဖိလစ်ပိုင်လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ဆုံးရှုံး၊ အီရတ်နိုင်ငံအကြောင်း သိကောင်းစရာ၊ ကမ္ဘာ့ဒုတိယအကြီးဆုံး စီးပွားရေးနိုင်ငံအဖြစ် ဂျပန်နိုင်ငံရပ်တည်နေဆဲဖြစ်၊ ကျားနှစ်မှာ တရုတ်နိုင်ငံ စီးပွားရေးဖွံ့ဖြိုးလာမည်ဟု ခန့်မှန်း စသည့် နိုင်ငံတကာ သတင်းဆောင်းပါးများ၊ အားကစားသတင်းများနှင့် အသက်ရှင်သမျှကာလပတ်လုံး အနုပညာထဲမှာပဲ နှစ်မြှုပ်နေမယ်ဆိုတဲ့ အကယ်ဒမီခင်မို့မို့အေးနှင့် တွေ့ဆုံခြင်း၊ မြန်မာ့ဂန္ထဝင်တေးစီးရီးကို ဂျပန်အမျိုးသမီးကသီဆိုပြီး ဂျပန်၊ အမေရိကန်နှင့် ဩစတြေးလျနိုင်ငံများတွင်ဖြန့်ချိ စသည့် အနုပညာသတင်းများ၊ မေတ္တာရင်ငွေ့လုံခြုံမှု လုံနိုင်မယ်လေ ဝတ္ထုတိုတို့အပြင် ကဗျာ၊ ဟာသ၊ ကာတွန်း၊ ဗေဒင်၊ မြန်မာဗီဒီယိုဇာတ်လမ်းများနှင့် သတင်းအတိုအထွာများကို စုံလင်စွာဖော်ပြထားသည်။

ဝယ်ယူရရှိနိုင်

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်စောင်လျှင် ငွေကျပ် ၂၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့်ကြော်ငြာများကို အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆၊ ၃၇၁၃၄၂တို့သို့ ဆက်သွယ်ပေးပို့နိုင်သည်။ **(သတင်းစဉ်)**

မီးဖို မီးကြွင်းမီးကျန် သတိပြုရန် နှိုးဆော်ချက်

(က) သင့်ရဲ့အိမ်မှာ မီးဖို မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုများဖြစ်ပွားတတ်သဖြင့် မီးဖိုများ သုံးစွဲပြီးပါက မီးငြိမ်းသတ်ခြင်းကို မမေ့မလျော့ဘဲပြုလုပ်ရန်။

(ခ) သင့်မိသားစုဝင်အားလုံး အပြင်သွားမည်ဆိုပါက သုံးစွဲနေသော လျှပ်စစ်ပစ္စည်းများရှိပါက မီးကိုပိတ်၊ ပလတ်ကိုဖြုတ်၊ မိန်းခလုတ် (Main Switch) တို့ကို ချထားပြီးမှ အပြင်သို့သွားခြင်းအား သတိထားပြီး အလေ့အကျင့်ပြုလုပ်ပါ။

(ဂ) မီးဖို မီးကြွင်းမီးကျန်များကို မေ့လျော့ပေါ့ဆစွာ မငြိမ်းသတ်ထားခြင်းနှင့် အိမ်တွင်လူစောင့်မထားဘဲ တစ်အိမ်လုံး အပြင်သို့သွားစဉ် မီးအားမြှင့်စက်နှင့် မိန်းခလုတ်တို့အား ချမထားခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားတတ်သည်ကို အသိတရားဖြင့် သတိထားရန်။

သြစတြေးလျ အလုပ်လက်မဲ့နှုန်း ဖေဖော်ဝါရီလ၌ ၅ဒသမ၃ရာခိုင်နှုန်းရှိ

ကင်ဘာရာ မတ် ၁၂

သြစတြေးလျနိုင်ငံ၏ အလုပ်လက်မဲ့နှုန်းသည် ဇန်နဝါရီလအတွင်း ၅ဒသမ၂ရာခိုင်နှုန်းရှိခဲ့ရာမှ ဖေဖော်ဝါရီလတွင် ၅ဒသမ၃ရာခိုင်နှုန်းသို့ မြင့်တက်လာကြောင်း မတ်၁၁ရက်ကထုတ်ပြန်သည့် စာရင်း ဇယားများ၌ ဖော်ပြသည်။

မြင့်တက်

၂၀၁၀ခုနှစ် ဇန်နဝါရီလအတွင်း အလုပ်လက်မဲ့နှုန်း ၅ဒသမ၂ရာခိုင်နှုန်းရှိရာမှ ရာသီဥတု ဆိုးရွားသည့် အခက်အခဲများကြောင့် အလုပ်လက်မဲ့နှုန်း ၀ ဒသမ ၁ ရာခိုင်နှုန်း ပိုမိုမြင့်တက်သွားကြောင်း သြစတြေးလျ အစိုးရအဖွဲ့ စာရင်းအင်းရုံး (အေဘီအက်စ်) က ထုတ်ပြန်ကြေညာသည်။

ကြေညာ

ဖေဖော်ဝါရီလအတွင်း အလုပ်လက်မဲ့ ဦးရေ ၁၀၇၀၀တိုးကာ ၆၁၅၉၀၀ အထိ မြင့်တက်လာကြောင်း (အေဘီအက်စ်) အဖွဲ့က ကြေညာသည်။

ဖေဖော်ဝါရီလတွင် ယင်းနိုင်ငံ၌ အလုပ်အကိုင်သစ် ၁၀၀၀၀ ဖန်တီးခြင်းနှင့်အတူ အလုပ်လက်မဲ့နှုန်းမှာ ၅ဒသမ၄ ရာခိုင်နှုန်း အထိ မြင့်တက်ဖွယ်ရှိသည်ဟု စီးပွားရေး ပညာရှင်များက မတ် ၁၁ရက်က ခန့်မှန်း ထားကြသည်။

(အင်တာနက်)

ကားပြပွဲ

ကာတာနိုင်ငံ ဒိုဟာမြို့၌ ကျင်းပသည့်ကားပြပွဲတွင် ဘရာဇီးနိုင်ငံထုတ် မော်တော်ကားတစ်စီးကို မတ် ၁၁ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အကြမ်းဖက်မှုတိုက်ဖျက်ရေး အာဖဂန်နှင့်ပါကစ္စတန် လက်တွဲဆောင်ရွက်မည်

အစ္စလမ္မာဘတ် မတ် ၁၂

ပါကစ္စတန်သမ္မတအဆစ်အလီဇာဒါရီနှင့် ဧည့်သည်တော်အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းတို့သည် အကြမ်းဖက်မှုနှင့် အစွန်းရောက်ဝါဒတို့ကို လက်တွဲတိုက်ဖျက်ရေး၊ ငြိမ်းချမ်းရေးနှင့်လုံခြုံရေး ဆက်နွယ်သည့် ဒေသတွင်းပြဿနာများ ကိုင်တွယ်ဖြေရှင်းရေး နည်းလမ်းများကို မတ် ၁၀ရက်က တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံ

အာဖဂန်သမ္မတကာဇိုင်းသည် မတ် ၁၀ရက်တွင် ပါကစ္စတန်နိုင်ငံသို့ နှစ်ရက်ကြာ အလည်အပတ်ရောက်ရှိစဉ် နှစ်နိုင်ငံအကြီးအကဲတို့ တွေ့ဆုံခြင်းဖြစ်ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

ဆုံးဖြတ်ထား

နှစ်နိုင်ငံအနေဖြင့် ယခင်က နားလည်မှုလွဲမှားမှုကို ဖယ်ရှားရန်နှင့် အနာဂတ်ကာလတွင် အကြမ်းဖက်တိုက်ခိုက်မှုများ ပူးပေါင်းတွန်းလှန်ဖယ်ရှားရန် ဆုံးဖြတ်ထားကြောင်း နှစ်နိုင်ငံခေါင်းဆောင်တို့က ထုတ်ဖော်ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မိုဂါဒစ်ရှူး၌တိုက်ပွဲဖြစ် ၃၀ သေဆုံးပြီး ၈၃ဦးဒဏ်ရာရ

မိုဂါဒစ်ရှူး မတ် ၁၂

ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှူးမြို့၌ မတ် ၁၁ရက်က ဆိုမာလီတပ်ဖွဲ့နှင့် စစ်သွေးကြွများ အပြန်အလှန်တိုက်ပွဲ ဖြစ်ပွားသဖြင့် လူ ၃၀ထက်မနည်းသေဆုံးပြီး ၈၃ဦး ဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာသတင်းများက ဖော်ပြသည်။

ထွက်ပြေး

အဆိုပါဒေသ၌ တိုက်ပွဲများ ဖြစ်ပွားလျက်ရှိသဖြင့် ဒေသခံပြည်သူထောင်နှင့်ချီ၍ အိုးအိမ်စွန့်ခွာထွက်ပြေးနေကြရသည်ဟု သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မြေပြိုမှုဖြစ်ပွား

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗား၌ မြေပြိုမှုဖြစ်ပွားသဖြင့် အပျက်အစီးများကို မတ် ၁၁ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗား၌ မြေပြိုမှုဖြစ်ပွား ရှစ်ဦးသေဆုံး

ဂျကာတာ မတ် ၁၂

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားရှိ ကိုင်ဂျာရာဒေသ၌ မတ် ၁၁ရက် ညပိုင်းက မြေပြိုမှုဖြစ်ပွားရာ ရှစ်ဦးသေဆုံးကြောင်း အင်ဒိုလူမှုကယ်ဆယ်ရေးဝန်ကြီး၏ ပြောကြားချက်ကို မီဒီယာများက ကိုးကားထုတ်ပြန်သည်။

ဖော်ပြ

ယင်းနေ့ညပိုင်းက မိုးသည်းထန်စွာ ရွာသွန်းပြီး ရေလွှမ်းသဖြင့် မြေပြိုကျရာမှ လူနေအိမ်ခြေများပျက်စီးကာ ကယ်ဆယ်ရေးဝန်ထမ်းများက မြေပြိုကျမှုများ အောက်တွင် ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်နေသည်ဟု အဆိုပါသတင်း၌ ဖော်ပြသည်။

ရွှေ့ပြောင်း

အနောက်ဂျာဗားရှိ ကိုင်ဂျာရာဒေသ၌ နေထိုင်သူဦးရေ ၆၀၀ခန့်ရှိပြီး ဒေသခံပြည်သူများအား ဘေးကင်းရာသို့ရွှေ့ပြောင်းပေးရသည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကွန်ဒုဇ်ပြည်နယ် ရဲကင်းစခန်း တာလီဘန်တို့တိုက်ခိုက်၊ တစ်ဦးသေဆုံး

ကွန်ဒုဇ် မတ် ၁၂

တာလီဘန် စစ်သွေးကြွများသည် အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ကွန်ဒုဇ်ပြည်နယ်ရှိ ရဲကင်းစခန်းတစ်ခုကို မတ် ၁၀ ရက် စောစောပိုင်းက စီးနင်းတိုက်ခိုက်ရာ ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အခြားတစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု အရာရှိတစ်ဦးက ပြောကြားသည်။

လက်နက်ကိုင် တာလီဘန်စစ်သွေးကြွများသည် မတ် ၁၀ရက် သန်းခေါင်ကျော် အချိန်တွင် ပြည်နယ်မြို့တော် ကွန်ဒုဇ်ရှိ တာလိုကာဒေသ ရဲကင်းစခန်းကို ယင်းကဲ့သို့ ထိုးဖောက် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့ ပြောခွင့်ရ ပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

ရဲတပ်ဖွဲ့ကလည်း တာလီဘန်စစ်သွေးကြွများအား ပြန်လည်တိုက်ခိုက်ခဲ့ရာ တာလီဘန်စစ်သွေးကြွများ ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်ဟု ပြောကြားသည်။

(အင်တာနက်)

တရုတ်နိုင်ငံ ကွမ်ကျိုပြည်နယ်ရှိ လောင်လီနှင့်ကွမ်ယန်မြို့ကြား ဆက်သွယ်ထားသည့် တံတားအနီး၌ ဘတ်စ်ကားတစ်စီး တိမ်းမှောက်မှုဖြစ်ပွားသည်ကို မတ် ၁၁ရက်က တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

ကင်ညာငါးဖမ်းသင်္ဘောတစ်စင်း ဆိုမာလီဓားပြများအပိုင်စီးပြန်

နိုင်ရိုဘီ မတ် ၁၂

ကင်ညာနိုင်ငံမှ သင်္ဘောသား ၁၆ ဦး လိုက်ပါလာသည့် ငါးဖမ်းသင်္ဘောတစ်စင်းကို ဆိုမာလီဓားပြများက ဆိုမာလီယာနိုင်ငံ ကမ်းလွန် အိန္ဒိယသမုဒ္ဒရာတစ်နေရာတွင် အပိုင်စီးကြောင်း ဒေသဆိုင်ရာရေကြောင်း၌ာနမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက မတ် ၉ရက်၌ ပြောကြားသည်။

ဆာကိုဘာအမည်ရှိ အဆိုပါငါးဖမ်းသင်္ဘောကို လွန်ခဲ့သည့် ရက်သတ္တပတ်က အပိုင်စီးသွားကြောင်း၊ သို့ရာတွင် မတ်၉ရက်က အဆက်အသွယ်ပြုလုပ်သေးကြောင်း သင်္ဘောသားအကူအညီပေးရေးအစီအစဉ် အရှေ့အာဖရိကညှိနှိုင်းရေးမှူး အမ်ဝမ်ဂူရာက ပြောကြားသည်။

ပြောကြား

ယင်းသင်္ဘော မည်သည့်အချိန်က အပိုင်စီးခံရသည်ကို သဲကွဲစွာ မသိရကြောင်း၊ သို့ရာတွင် ကင်ညာရေပြင်ပိုင်နက်၌ အပိုင်စီးခံရဖွယ်ရှိသည်ဟု ၎င်းက ဆင်ဟွာသို့ပြောကြားသည်။

လိုက်ပါ

ယင်းသင်္ဘောပေါ်တွင် ကင်ညာနိုင်ငံသား ၁၀ဦး၊ စပိန်မာလိန်မှူးတစ်ဦး၊ ပိုလန်အင်ဂျင်နီယာချုပ်တစ်ဦး၊ ဆီနီဂေါနိုင်ငံသား နှစ်ဦး၊ နမီးဘီးယားတစ်ဦးနှင့် ကိပ်ဗာဒီတစ်ဦးတို့ လိုက်ပါလာကြသည်ဟု ဆိုသည်။

(အင်တာနက်)

သောက်သုံးရေပေးဝေရေးစီမံကိန်း ဆီးရီးယားနှင့် ကူဝိတ်သဘောတူစာချုပ်ချုပ်ဆို

ဒမတ်စကတ် မတ် ၁၂

ဆီးရီးယားနှင့် ကူဝိတ်အစိုးရတို့သည် ဒမတ်စကတ်မြို့တွင် သောက်သုံးရေဖြန့်ဝေမှုဆိုင်ရာ သဘောတူစာချုပ်ကို မတ် ၉ရက်က လက်မှတ်ရေးထိုးကြကြောင်း ဆီးရီးယားနေ့စဉ်ထုတ် သတင်းစာက မတ် ၁၀ရက်၌ ဖော်ပြသည်။

အကူအညီပေးမည်

အဆိုပါစာချုပ်အရ ကူဝိတ်အစိုးရအနေဖြင့် ဒမတ်စကတ်မြို့ ရေပေးဝေရေးစီမံကိန်းအတွက် ကူဝိတ်ငွေကြေး ၁၅သန်း (အမေရိကန်ဒေါ်လာ ၅၁သန်း)ကို ဆီးရီးယားအစိုးရအား ငွေချေးစာချုပ်ဖြင့် အကူအညီပေးမည်ဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဆေးခြောက် ၈ဒသမ၅တန် တူရကီတပ်ဖွဲ့ သိမ်းဆည်းရမိ

အင်ကာရာ မတ် ၁၂

တူရကီလုံခြုံရေးတပ်ဖွဲ့သည် တူရကီနိုင်ငံအရှေ့ပိုင်း ဒီရာဘက်ကာပြည်နယ် လစ်မြို့ကျေးရွာတစ်ရွာ၌ ဆေးခြောက် ၈ဒသမ ၅တန်နီးပါးကို မတ် ၁၁ရက်တွင် သိမ်းဆည်းရမိကြောင်း အနာတိုလီယာသတင်းစာက ဖော်ပြသည်။

ဖမ်းဆီး

အဆိုပါ စစ်ဆင်ရေးအတွင်း မသင်္ကာသူခြောက်ဦးကိုပါ ဖမ်းဆီးလိုက်သည်ဟုဆိုသည်။ တူရကီနိုင်ငံသည် အာရှမှအရှေ့အလယ်ပိုင်းသို့ မူးယစ်မှောင်ခိုတင်သွင်းရာ အဓိကလမ်းကြောင်းတစ်ခုဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

တာလီဘန်နှင့် ငြိမ်းချမ်းမှုရရေး အာဖဂန်ကြိုးပမ်းဆောင်ရွက်သင့်

လန်ဒန် မတ် ၁၂

တာလီဘန်စစ်သွေးကြွများနှင့် ငြိမ်းချမ်းမှုရရှိရေးအတွက် အာရုံစိုက် ဆောင်ရွက်သွားရန် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဒေးဗစ်မီလီဘန်က မတ် ၁၀ ရက်တွင် အာဖဂန်နစ္စတန်အား တိုက်တွန်းပြောကြားလိုက်ပြီး အာဖဂန်နစ္စတန်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများအနေဖြင့် ယင်းသဘောတူညီချက်များကို ထောက်ခံအားပေးသွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယူဆထား

မီလီဘန်၏ ပြောကြားချက်များသည် အနောက်အုပ်စုနိုင်ငံများအနေဖြင့် ပိုမိုလက်ခံလာနိုင်စေကြောင်း၊ အနောက်အုပ်စုနိုင်ငံများသည်အယ်လ်ခိုင်ဒါ အုပ်စုနှင့် ဆက်ဆံရေး ဖြတ်တောက်ထားသော တာလီဘန်အစွန်းရောက်သမားများ အာဖဂန်နစ္စတန်နိုင်ငံ၏ အနာဂတ်တွင်ပါဝင်လှုပ်ရှားခွင့်ရစေလိမ့်မည်ဟု ယူဆထားကြောင်း သိရသည်။

ကြိုးပမ်း

ယခုအချိန်သည် အာဖဂန်နစ္စတန် အနေဖြင့် တာလီဘန်တို့နှင့် နိုင်ငံရေးအရ ပြေလည်မှုရရှိရေးအတွက် စစ်ရေးအရရော နိုင်ငံရေးအရပါ ဆတက်ထမ်းပိုးကြိုးပမ်း ဆောင်ရွက်သွားရမည့် အချိန်အခါဖြစ်သည်ဟုလည်း မီလီဘန်ကပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

ပုသိမ်အသင်း(ရန်ကုန်)နှစ်ပတ်လည်စည်းဝေး

ရန်ကုန် မတ် ၁၂

ပုသိမ်အသင်း(ရန်ကုန်)၏ (၈၉)နှစ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ်၇ရက်က ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ် (၂၁/၄၃)စီရှိ ဧရာဝတီတိုင်းခန်းမ၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားသို့တက်ရောက်လာသော သက်ကြီးဘိုးဘွား ၆ဦးအား ကန်တော့ခြင်း၊ ၂၀၀၈ခုနှစ် အမျိုးသားစာပေဆုရတစ်ဦး၊ ပညာရည်ချွန်ဆုရ လေးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ရှစ်ဦး၊ ခြောက်ဘာသာဂုဏ်ထူးရှင် လေးဦးနှင့် ခြောက်ဘာသာဂုဏ်ထူးနှင့် မြန်မာတစ်နိုင်ငံလုံး မြန်မာစာပထမတစ်ဦးတို့အား ဆုချီးမြှင့်ခြင်း **(အပေါ်ပုံ)**နှင့် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးမှ ဥက္ကဋ္ဌအဖြစ် ဦးစိုးဟန်လင်း (အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ)ဦးဆောင်သော အလုပ်အမှုဆောင် ၄၉ဦးတို့အား ရွေးချယ်တင်မြှောက်ကြပြီး ပုသိမ်အသင်း(ရန်ကုန်) အသင်းရန်ပုံငွေပဒေသာပင်အတွက် အလှူရှင်များက စုစုပေါင်းအလှူငွေကျပ် ၆၈၇၀၀၀၀ ပေးအပ်လှူဒါန်းကြသည်။

(မြန်မာ့အလင်း)

ကော့ကရိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ ပျိုးထောင်ခြင်းတို့ကို ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်ကျော်ဦး ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဒေါပုံမြို့နယ်လင်းရောင်ခြည်စာကြည့်တိုက် ရေရှည်ရှင်သန်ခိုင်မာရေး ဆွေးနွေး

ရန်ကုန် မတ် ၁၂

ဒေါပုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်နှင့်ဝန်ထမ်းများသည် မတ် ၈ရက်က ပုသိမ်မြေရပ်ကွက် အလင်းရောင်စာကြည့်တိုက်၌ စာကြည့်တိုက် ရေရှည်ရှင်သန်ခိုင်မာရေး ကွင်းဆင်းဆွေးနွေးသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက်စံ(၅)ချက်နှင့်ညီညွတ်ရေး၊ စာငှားကတ်စနစ် ကျင့်သုံးရေးတို့ကို ဆွေးနွေးသည်။

ထို့နောက် ပုသိမ်မြေရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးလွင်**(ယာပုံ)**က စာကြည့်တိုက်ရှင်သန်ခိုင်မာပြီး ရေရှည်တည်တံ့ရေးအတွက် ဆောင်ရွက်ထားရှိမှုများနှင့် စာအုပ်စာစောင် စုဆောင်းထားရှိမှု အခြေအနေကို ရှင်းလင်းပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေး ရန်ကုန်အရှေ့ပိုင်းခရိုင်ပြန်/ဆက် ကျပန်းဆွေးနွေး

ရန်ကုန် မတ် ၁၂

ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးအတွက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင်က ကြီးမှူးကျင်းပသည့် ကျပန်းဆွေးနွေးပွဲကို မတ် ၇ရက် နံနက် ၉နာရီက ခရိုင်ရုံး ရုပ်မြင်သံကြားခန်းမ၌ ကျင်းပသည်။

တက်ရောက်

ပြိုင်ပွဲသို့ ရန်ကုန်တိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေ၊ ခရိုင်ဦးစီးအရာရှိများနှင့် အရှေ့ပိုင်းခရိုင်မှ မြို့နယ်ဦးစီးမှူးများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ယင်းပြိုင်ပွဲတွင် ခေါင်းစဉ် ၁၆ခုကို မြို့နယ်ဦးစီးမှူးများက ကျရာခေါင်းစဉ်ပေါ်တွင် ဆွေးနွေးယှဉ်ပြိုင်ကြရာ မင်္ဂလာတောင်ညွန့်မြို့နယ် ဦးစီးမှူး ဒေါ်စမ်းစမ်းကျော်က ပထမ၊ တောင်ဥက္ကလာပမြို့နယ် ဦးစီးမှူး ဒေါ်ခင်စီက ဒုတိယ၊ မြောက်ဥက္ကလာပမြို့နယ် ဦးစီးမှူး ဒေါ်မြင့်မြင့်နိုင်က တတိယဆုရရှိကြပြီး ဆုရရှိသူများအား လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေနှင့် ခရိုင်ဦးစီးအရာရှိတို့က ဆုများချီးမြှင့်ပေးအပ်သည်။ **(အပေါ်ပုံ)**

(ခရိုင် ပြန်/ဆက်)

နေပြည်တော်လယ်ဝေး စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီအစည်းအဝေးကျင်းပ

နေပြည်တော်လယ်ဝေး မတ် ၁၂

နေပြည်တော်လယ်ဝေး စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီ အစည်းအဝေးကို မတ် ၆ ရက် နံနက် ၁၀နာရီက နေပြည်တော်လယ်ဝေး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်လွင်၊ မြို့မိမြို့ဖ အငြိမ်းစားမြို့နယ်ပညာရေးမှူး ဦးမြင့်လွင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးကိုကိုကြီးတို့က အမှာစကားပြောကြားပြီး မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးဇော်အောင်(ဟိန်းအောင်)က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တာဝန်ပေးအပ်

ထို့နောက် ပဉ္စမအကြိမ် စာပေညီလာခံသက်တမ်းအတွက် အမှုဆောင်အဖွဲ့ ရွေးချယ်ရာ ဥက္ကဋ္ဌ ဦးဇော်အောင်(ဟိန်းအောင်)၊ အတွင်းရေးမှူး ဦးသိန်းတိုး (တိုးလင်းရှိန်)၊ ဘဏ္ဍာရေးမှူးဦးကျော်လွင်နိုင်(ကျော်ကောင်းခန့်)တို့အား ရွေးချယ်ပြီး ပဉ္စမအကြိမ် စာပေညီလာခံကိုယ်စားလှယ်အဖြစ် ဦးဇော်အောင်(ဟိန်းအောင်)အား တာဝန်ပေးအပ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အနီးစခန်း-ကျွဲနွားဒေါက်ကျေးရွာ ကျောက်ချောလမ်းပြင်ဆင်ခြင်းလုပ်ငန်းအတွက် ကျောက်များစုဆောင်းထားရှိမှုကို ဖေဖော်ဝါရီ ၅ရက်က အမှုဆောင်အရာရှိ ဦးတင်ဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)



နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် တရုတ်သို့ သွားရောက်မည်

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာစီနာသည် တရုတ်နိုင်ငံသို့ လာမည့် မတ် ၁၇ရက်မှ ၂၁ရက်အထိ အလည်အပတ် သွားရောက်မည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံ ဆက်ဆံရေးတိုးတက်ကောင်းမွန်စေရန်အတွက်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေး ဝန်ကြီးဌာနက မတ် ၁၂ရက်၌ သတင်းထုတ်ပြန်သည်။

လန်ဒန်မြို့၌ လေးထပ်အဆောက်အအုံ မီးလောင်

ဗြိတိန်နိုင်ငံ လန်ဒန်မြို့အရှေ့ပိုင်းတွင်ရှိသော လေးထပ်စီးပွားရေးအဆောက်အအုံ တစ်လုံး မတ် ၁၂ရက်က မီးလောင်မှုဖြစ်ပွားရာ အဆောက်အအုံအစိတ်အပိုင်းများ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင် ၁၀၀ကျော်ဖြင့် မီးငြိမ်းသတ်ခဲ့ရကြောင်း လန်ဒန်မြို့ ရဲတပ်ဖွဲ့က မတ် ၁၂ရက်၌ ပြောကြားသည်။

တောင်ကိုရီးယားနှင့်ဒိန်းမတ် ကဏ္ဍစုံ ပူးပေါင်းမည်

တောင်ကိုရီးယားနှင့် ဒိန်းမတ်နှစ်နိုင်ငံတို့သည် ကဏ္ဍစုံတွင် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရန် တောင်ကိုရီးယားသို့ အလည်အပတ်ရောက်ရှိနေသော ဒိန်းမတ်ဝန်ကြီးချုပ် လာရက်မူစိန်နှင့် တောင်ကိုရီးယားသမ္မတ အီမြောင်ဘတ်တို့ မတ် ၁၂ရက်က တွေ့ဆုံဆွေးနွေးစဉ် သဘောတူညီခဲ့ကြသည်။

တူရကီသမ္မတ ကွန်ဂိုနိုင်ငံသို့ ရောက်ရှိ

တူရကီသမ္မတ အဗ္ဗဒူလာဂူလ်သည် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ အလည်ရောက်ရှိနေကြောင်း၊ နှစ်နိုင်ငံစီးပွားရေးဖိုရမ် တက်ရောက်မည်ဖြစ်ကြောင်း တူရကီနိုင်ငံခြားရေးဝန်ကြီးဌာနက မတ် ၁၂ရက်၌ သတင်းထုတ်ပြန်သည်။

အိမ်ရာအသစ်တည်ဆောက်ရန် အစ္စရေးစီစဉ်

ဂျေရုဆလင်မြို့အရှေ့ပိုင်းဒေသ၌ အိမ်အသစ်အလုံး ၅၀၀၀၀ တည်ဆောက်မည့်အိမ်ရာအသစ်စီမံကိန်း စတင်အကောင်အထည်ဖော်ရန် စီစဉ်နေကြောင်း အစ္စရေးအရာရှိများက မတ် ၁၂ရက်၌ ပြောကြားသည်။

အင်ဒိုနီးရှား၌ စစ်ဘက်နှင့်ရဲတပ်ဖွဲ့ဝင်များ ပူးတွဲလေ့ကျင့်

အင်ဒိုနီးရှားနိုင်ငံတွင် စစ်ဘက်တပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များပူးပေါင်းပြီး အကြမ်းဖက် နှိမ်နင်းရေးအတွက် ပူးတွဲလေ့ကျင့်မှုပြုလုပ်ခဲ့ကြောင်း အင်ဒိုနီးရှားစစ်ဘက် အရာရှိများက မတ် ၁၂ရက်၌ သတင်းထုတ်ပြန်သည်။

ရေနံဈေးနှုန်း အနည်းငယ်ပြန်တက်

ကမ္ဘာ့ဈေးကွက်တွင် ရေနံဈေးနှုန်းအနည်းငယ်ပြန်တက်လျက်ရှိရာ အမေရိကန်နိုင်ငံ နယူးယောက်မြို့ဈေးကွက်၌ မတ် ၁၂ရက် ဈေးပိတ်ချိန်တွင် ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၈၂ဒေါ်လာအထိ တက်ခဲ့ကြောင်း သတင်းထုတ်ပြန်သည်။

တရုတ်၌ ဆောက်လုပ်ဆဲအဆောက်အအုံ ပြိုကျ

တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်တုံပြည်နယ် ကျူကျီတန်မြို့ရှိ ဆောက်လုပ်ဆဲအဆောက်အအုံတစ်ခု မတ် ၁၂ရက်က ပြိုကျခဲ့ရာ အလုပ်သမားခြောက်ဦးသေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်း ကျဆင်း

ကမ္ဘာ့ဈေးကွက်တွင် ရွှေဈေးနှုန်းများ အနည်းငယ်ကျဆင်းလျက်ရှိရာ တရုတ်ဈေးကွက်၌ မတ် ၁၂ရက်ဈေးပိတ်ချိန်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၁၀၇ဒသမ ၀၈ဒေါ်လာသို့ ကျဆင်းခဲ့ကြောင်း တရုတ်ငွေကြေးအရာရှိများက သတင်းထုတ်ပြန်သည်။

ပါကစ္စတန်နိုင်ငံ ကရာချိမြို့၌ ပစ်ခတ်မှုဖြစ်ပွား

ပါကစ္စတန်နိုင်ငံ ကရာချိမြို့၌ မတ် ၁၂ရက်က သေနတ်သမားများ၏ ပစ်ခတ်မှုကြောင့် သုံးဦးသေဆုံးခဲ့ပြီး လူအနည်းငယ်ဒဏ်ရာရရှိခဲ့ကြောင်း၊ သေနတ်ပစ်ခတ်မှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ကရာချီ ရဲတပ်ဖွဲ့က ပြောကြားသည်။

(အောက်ပုံ) (အင်တာနက်)

** ကျောဖုံးမှ*

တက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာမြဦးနှင့် ဒေါက်တာပိုင်စိုး၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီ အသီးသီးတို့မှ အတွင်းရေးမှူးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်များ၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr.Ramesh Shrestha ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပ လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးဒေါက်တာကျော်မြင့်က အဖွင့်အမှာစကား ပြောကြားရာ၌ ကျန်းမာရေးကဏ္ဍ ဆောင်ရွက်နေသည့် လုပ်ငန်းများအား အမျိုးသားကျန်းမာရေးကော်မတီ၏ဦးဆောင်လမ်းညွှန်မှုဖြင့် National Health Plan(2006-2011)ကို ရေးဆွဲ၍ အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ထို့အပြင် ပိုမိုပြည့်စုံစွာဆောင်ရွက်နိုင်ရန် Five-Year Strategic Plan For Water, Sanitation & Hygienc (2007-2011) ကိုလည်း အသေးစိတ်ရေးဆွဲ၍ စီမံဆောင်ရွက်လျက်ရှိကြောင်း။

သန့်(၄)သန့်

ရေကောင်းရေသန့် လုံလောက်စွာရရှိရေး၊ အညစ်အကြေးများအား ကျန်းမာရေးနှင့် ညီညွတ်စွာစွန့်ပစ်ရေး၊ အစားအစာသန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး အထူးသဖြင့် လက်သန့်ရှင်းရေးလုပ်ငန်း ဆိုသည့် သန့်(၄)သန့်သည် တစ်ခုနှင့်တစ်ခု ဆက်သွယ်ဆက်စပ်နေကြသည့် လုပ်ငန်းများဖြစ်ကြောင်း။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က နှစ်စဉ်ထုတ်ပြန်သည့် ရေကောင်းရေသန့်ရရှိရေး၊ သန့်ရှင်းရေးနှင့် ကျန်းမာရေး အခြေအနေဖော်ပြချက်များအရ နှစ်စဉ် ဝမ်းပျက်ဝမ်းလျှောရောဂါများကြောင့် ကမ္ဘာပေါ်တွင် လူသန်းပေါင်း ၁ဒသမ ၈သန်း သေဆုံးလျက်ရှိရာ သေဆုံးသူအများစုသည် ကလေးသူငယ်များဖြစ်ကြကြောင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုကို လျှော့ချ၍ ပပျောက်အောင်ဆောင်ရွက်နိုင်ရန်အတွက် သန့်(၄)သန့်လုပ်ငန်းကို လူတိုင်းသိရှိသဘောပေါက်ပြီး လိုက်နာဆောင်ရွက်သင့်ကြောင်း။

စင်ကြယ်အောင်ဆေးကြော

သုတေသန တွေ့ရှိချက်များအရ ဝမ်းပျက်ဝမ်းလျှောရောဂါ လျော့ကျစေရန်အတွက် သန့်ရှင်းရေး စနစ်တကျ လိုက်နာဆောင်ရွက်မည်ဆိုလျှင် ၃၂ရာခိုင်နှုန်း၊ ရေကောင်းရေသန့် သုံးစွဲမည်ဆိုလျှင် ၃၆ ရာခိုင်နှုန်းနှင့် လက်ကိုသန့်ရှင်းသည့်ရေ၊ ဆပ်ပြာဖြင့် စင်ကြယ်အောင် ဆေးကြောလျှင် ၄၄ရာခိုင်နှုန်း လျော့ကျစေမည်ဖြစ်ကြောင်း။

ပူးပေါင်းပါဝင်

မြန်မာနိုင်ငံ၏ သန့်ရှင်းရေးလွှမ်းခြုံမှု အခြေအနေသည် ၂၀၁၅ခုနှစ်တွင် ဖြည့်ဆည်းပေးရမည့် ကုလသမဂ္ဂ၏ ထောင်စုနှစ်ရည်မှန်းချက်များ (Millennium Development Goals) ၏ လမ်းကြောင်းပေါ်သို့ ရောက်ရှိနေသည်ကိုလည်း သိရှိထားပြီးဖြစ်ကြောင်း၊ ဤသို့ အောင်မြင်မှုများ ရရှိနေခြင်းသည် အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်ကို ၁၉၉၈ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့ခြင်းနှင့်အတူ High Political Commitment ရရှိမှု၊ သက်ဆိုင်ရာအစိုးရဌာနများ၊ ပြည်သူတစ်ရပ်လုံး၏ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်မှုတို့ကြောင့် ဖြစ်ကြောင်း၊ သို့ရာတွင် ပြည်နယ်နှင့် တိုင်းများ၏ သန့်ရှင်းရေးလွှမ်းခြုံမှုသည် တစ်ခုနှင့်တစ်ခု ကွာဟမှု ရှိနေဆဲဖြစ်ပြီး နိုင်ငံတော်၏ လက်ရှိရရှိပြီးသား အောင်မြင်မှုများကို ထိန်းသိမ်း၍ သန့်ရှင်းရေးလွှမ်းခြုံမှု ပိုမိုတိုးတက်စေရန် ကုလသမဂ္ဂ၏ ထောင်စုနှစ်ရည်မှန်းချက်များ (၂၀၁၅)ခုနှစ် မတိုင်မီ ဖြည့်ဆည်းဆောင်ရွက်ရန်အတွက် အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ် (၂၀၁၀)ကို ကျင်းပရခြင်း ဖြစ်ကြောင်း။

အလျင်အမြန်ဆောင်ရွက်

ယခုအခါ Global Climate Change (ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု)ကို တစ်ကမ္ဘာလုံး တွေ့ကြုံ ရင်ဆိုင်လျက်ရှိကြောင်း၊ ဤအတွက်ကြောင့် ရေကောင်းရေသန့်များကို ညစ်ညမ်းစေပြီး သန့်ရှင်းရေးလုပ်ငန်းများ ပျက်စီးရုံမက ရာသီဥတုပြောင်းလဲမှုနှင့် ပတ်သက်သည့်ရောဂါများ ပြန်လည် ခေါင်းထောင်လျက်ရှိကြောင်း၊ ၂၀၀၈ခုနှစ် မေလက ဝင်ရောက်သည့် နာဂစ်မုန်တိုင်းကြောင့် မုန်တိုင်းသင့်ဒေသရှိ ရေကောင်းရေသန့်များ ညစ်ညမ်းစေခဲ့ပြီး သန့်ရှင်းရေးလုပ်ငန်း အများစုမှာလည်း ပျက်စီးခဲ့ရကြောင်း၊ နိုင်ငံတော်၏ လမ်းညွှန်မှု၊ အမျိုးသားသဘာဝ ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကော်မတီ ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနက ကွင်းဆင်းဆောင်ရွက်မှု၊ အခြားဝန်ကြီးဌာနများနှင့် ပြည်တွင်းပြည်ပ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်မှုကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါကို Outbreak အနေဖြင့် ဖြစ်ပွားခြင်းမှ ကာကွယ်နိုင်ခဲ့ကြောင်း၊ ဆက်လက်၍လည်း သဘာဝဘေးအန္တရာယ်များ အရေးပေါ် အလျင်အမြန် ဆောင်ရွက်နိုင်ရန် အစီအမံများနှင့် ဆောင်ရွက်နေပြီ ဖြစ်ကြောင်း။

ဆက်လက်၍ တင်ပြလိုသည်မှာ မြန်မာနိုင်ငံ၏ အမျိုးသားကျန်းမာရေးမူဝါဒ (National Health Policy)ကလည်း လေထု ရေထု ညစ်ညမ်းမှု ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ရန် လမ်းညွှန်ထားကြောင်း၊ ထို့အပြင် (၁၉၉၅)ခုနှစ် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေ၏ အခန်း(၄)မှာ "ကူးစက်ရောဂါဖြစ်ပွားခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ကူးစက်ရောဂါဖြစ်ပွားသည့်အခါ ထိရောက်စွာ နှိမ်နင်းနိုင်ရန် အများပြည်သူတို့သည် သက်ဆိုင်ရာနယ်မြေဒေသရှိ ကျန်းမာရေးဝန်ထမ်း၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်" တာဝန်ရှိသည်ဟု တိတိကျကျ လမ်းညွှန်ချက် ချမှတ်ပေးထားပြီးလည်းဖြစ်ကြောင်း။

ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Ramesh Shrestha အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကွင်းဆင်းဟောပြော

ထို့ကြောင့် ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်နှစ်ရပ်ဖြစ်သည့် လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေး၊ လူတိုင်းရောဂါဘယ ကင်းဝေးရေးအတွက် သန့်ရှင်းရေးနှင့် ပတ်သက်သော "Sanitation for All" ဆောင်ပုဒ်နှင့်အညီ ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများအနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံး အိမ်တိုင်းစေ့ ယင်လုံအိမ်သာ သုံးစွဲရေးမူဝါဒကို ချမှတ်ဆောင်ရွက်နေကြောင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ အစားအစာ သန့်ရှင်းရေးလုပ်ငန်းများနှင့်ပတ်သက်၍ ပြည်သူလူထုရရှိခံစားနိုင်ရန် ပြည်သူလူထုမှ ကျန်းမာရေးနှင့် ညီညွတ်သောအမူအကျင့်များ ပြုမူကျင့်ကြံလာစေရန် အပြုအမူ ပြောင်းလဲရေးဆိုင်ရာ ကျန်းမာရေး ပညာပေးလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာနက ကျေးလက်အောက်ခြေအရောက် ကွင်းဆင်းဟောပြော ပညာပေး ဆောင်ရွက်လျက်ရှိကြောင်း။

အလေ့အထကောင်း

ထို့အပြင် ဆောက်လုပ်ပြီးရေအိမ်များ အခါအားလျော်စွာ ပြုပြင်ထိန်းသိမ်းကာ ရေရှည်တည်တံ့ခိုင်မြဲစေမည့် အရည်အသွေးမြင့် ခေတ်မီသည့် ရေအိမ်စနစ်များကို ပြောင်းလဲတည်ဆောက်ကြရန်၊ အခြေခံပညာကျောင်းများမှာလည်း ရေကောင်းရေသန့်ရရှိရေး၊ သန့်ရှင်းသော ရေအိမ်များ ဆောက်လုပ်သုံးစွဲရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးလုပ်ငန်းများကို အလေးပေးဆောင်ရွက်နိုင်ရန်တို့အတွက် ငယ်စဉ်ကလေးဘဝ ကျောင်းသားအရွယ်မှ ကျန်းမာရေးနှင့်ညီညွတ်သော အပြုအမူများကို စနစ်တကျ စတင်ပြုစု လေ့ကျင့်ပျိုးထောင်ပြီး နေ့စဉ်သုံး အမူအကျင့်ဖြစ်လာအောင် ဆောင်ရွက်ပေးမှသာ နောင်ကြီးပြင်းလာသည့်အခါ ကောင်းမွန်၍ ကျန်းမာရေးနှင့်ညီညွတ်သော အလေ့အထကောင်းများ ရရှိလာကြမှာဖြစ်ကြောင်း။

အမှာစကားပြောကြား

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်(၂၀၁၀) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

စည်းရုံးလှုံ့ဆော်

ထို့အတူ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေးတို့ သက်ဆိုင်သည့် ကျန်းမာရေး ဗဟုသုတများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့ရောက်ရှိစေပြီး ကျန်းမာရေးနှင့်ညီညွတ်သော အမူအကျင့်ကောင်းများကို ပြောင်းလဲကျင့်သုံးလာစေသည်အထိ သမားရိုးကျမဟုတ်သည့် အမှန်တကယ် အကျိုးသက်ရောက်မှု ရှိစေမည့် ကျန်းမာရေးပညာပေးလုပ်ငန်းများကို ဆတက်ထမ်းပိုး လုပ်ကိုင်ကြစေဖို့အတွက် ရုပ်ရှင်၊ ဂီတနှင့်သဘင်အစည်းအရုံးများ၊ မြဝတီရုပ်မြင်သံကြား၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာနများ၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းအမျိုးမျိုး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနများနှင့် လူမှုရေးအဖွဲ့အစည်းများက ပြည်သူလူထုအား စည်းရုံးလှုံ့ဆော် ဆောင်ရွက်မှုများ ယခုထက် ပိုမိုမြှင့်တင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Ramesh Shrestha ကလည်း အမှာစကား ပြောကြားသည်။

ကြည့်ရှုလေ့လာ

အခမ်းအနားအပြီးတွင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်များသည် ခန်းမအတွင်း ပြသထားသည့် အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ် (၂၀၁၀) အထိမ်းအမှတ် ပြခန်းငယ်ကို ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

GIGABYTE Notebook များ စတင်ဖြန့်ချိရောင်းချမည်

ရန်ကုန် မတ် ၁၂

ကမ္ဘာတစ်ဝန်း အောင်မြင်ကျော်ကြားနေသော Gigabyte ၏ Notebook Computer များကို Myanmar Technology Zone Co.,Ltd. မှ မြန်မာနိုင်ငံ တရားဝင်ကိုယ်စားလှယ်နှင့် Service Partner အဖြစ် စတင်ဖြန့်ဖြူးရောင်းချမည်ဖြစ်သည်။ Gigabyte Notebook များကို International Warranty ပေးထားပြီး ဈေးနှုန်းချိုသာစွာ ရောင်းချပေးသွားမည့်အပြင် Customer များ၏ စိတ်ချမ်းသာမှုနှင့် လိုအပ်ချက်များအတွက် အကောင်းဆုံး Service ဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အကောင်းဆုံး

Gigabyte Notebook များထဲမှ M1022 Model Notebook မှာ ပါးလွှာပေါ့ပါးပြီး သယ်ဆောင်ရ လွယ်ကူသည်။ ၄င်းတွင် Wireless-N (108 Mbps) အသုံးပြုနိုင်ခြင်း၊ Multi-Touch Touchpad ပါဝင်ခြင်း၊ Battery Status Check ပါဝင်ခြင်း၊ 3.5 G HSDPA Support လုပ်ပေးနိုင်ခြင်းတို့ပါဝင်သည်။ ထို့အပြင် HDD နှင့် Memory များကို အလွယ်တကူ Upgrade ပြုလုပ်နိုင်သည်။ ပါးလွှာပေါ့ပါးပြီး သယ်ဆောင်ရ လွယ်ကူခြင်း၊ Keyboard မှာ ကျယ်ပြန့်ပြီး အသုံးပြုရလွယ်ကူခြင်း၊ Long Life Battery ပါဝင်ခြင်းတို့ကြောင့် စီးပွားရေးလုပ်ငန်းရှင်များနှင့် ကျောင်းသား ကျောင်းသူများအတွက် အသုံးပြုရန် အကောင်းဆုံးဖြစ်သည်။

မှာယူနိုင်

Gigabyte Notebook များကို တရားဝင် စတင်ဖြန့်ဖြူးရောင်းချခြင်း အထိမ်းအမှတ်အနေဖြင့် မတ် ၁၉ရက်မှ ၂၁ရက်အထိ ကျင်းပမည့် Myanmar ICT Exhibition 2010 တွင် M1022 Notebook ဝယ်ယူသူတိုင်းအား Special Promotion အနေဖြင့် ငွေကျပ် တစ်သိန်းခွဲကျော် (35% Discount) လျှော့ချပေးပြီး ငွေကျပ် နှစ်သိန်းကျော်ဖြင့် Dealer ပြခန်းများမှတစ်ဆင့် ရောင်းချပေးသွားမည်ဖြစ်သည်။ အရေအတွက် အကန့်အသတ်ရှိပါသဖြင့် မတ် ၁၂ရက်မှ စတင်ပြီး အရောင်းပြခန်းတွင် ကြိုတင်လာရောက်လေ့လာ မှာယူနိုင်ကြောင်း၊ ကြိုတင်မှာယူသည့်အတွက်လည်း လက်ဆောင်ပစ္စည်းများ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

Myanmar ICT Exhibition 2010 အတွင်း ရောင်းချပေးသွားမည့် ဆိုင်များမှာ King Power, Top Power, I-Com, Life Mark, ADT, ICE, Neo-Tech, Technoland တို့ဖြစ်သည်။

ဖြန့်ဖြူး

အရောင်းပြခန်းမှာ အမှတ်(၁၂၅/ဘီ) ရွှေဂုံတိုင်လမ်း ဗဟန်းမြို့နယ် ရန်ကုန် ဖုန်း-၅၄၂၅၆၉၊ ၇၂၃၀၀၉ဖြစ်ပြီး Myanmar Technology Zone Co.,Ltd. (T-Zone Computer Sales & Distribution) မှာ Gigabyte Notebook အပြင် Ben Q Electronics ပစ္စည်းများကို တရားဝင်ကိုယ်စားလှယ်ဖြင့် ဖြန့်ဖြူးနေကြောင်း သိရသည်။ **(သတင်းစဉ်)**

ရန်ကုန်အနောက်ပိုင်းခရိုင် စာကြည့်တိုက်၌ ကလေးစာဖတ်ခန်း ဖွင့်လှစ်ထား

ရန်ကုန် မတ် ၁၂

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အနောက်ပိုင်း ခရိုင်ရုံး (ကျောက်တံတား)သည် ပြည်သူများ စာပေဗဟုသုတများ လေ့လာနိုင်ရန်အတွက် အမှတ် ၂၂-၂၄ ပန်းဆိုးတန်းလမ်း အောက်ထပ်ရှိ မြေညီထပ်၌ ပြည်သူ့စာကြည့်တိုက် ဖွင့်လှစ်ထားရှိသည်။

အဆိုပါ စာကြည့်တိုက်အတွင်း၌ အများပြည်သူစာဖတ်ခန်း၊ ရည်ညွှန်းစာဖတ်ခန်းများအပြင် ကလေးစာဖတ်ခန်းကိုလည်း ပရိဘောဂစုံစွာဖြင့် သီးခြားဖွင့်လှစ်ထားရှိသည့်အပြင် ဒေါက်တာသန့်သော်ကောင်း (Myanmar Book Centre)မှ လှူဒါန်းထားသော နိုင်ငံတကာအဆင့်မီ ကလေး၊ လူငယ်များကြိုက်နှစ်သက်သည့် တိရစ္ဆာန်ဇာတ်ကောင်မျိုးစုံပါဝင်သည့် အင်္ဂလိပ်ရုပ်ပြစာအုပ်များ ၁၅၀၀ကျော်နှင့်အပတ်စဉ်၊ လစဉ်ထုတ်ဂျာနယ် ရုပ်ပြ (ကာတွန်း) ပုံပြင်မျိုးစုံတို့ကို ကလေး၊ လူငယ်များ (အခမဲ့) လေ့လာဖတ်ရှုနိုင်ရန် စီစဉ်ထားသည်။

(ခရိုင် ပြန်/ဆက်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၁ ခုနှစ် တပေါင်းလပြည့်ကျော် ၁၄ ရက် (အဖိတ်နေ့)

၁၃-၃-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ **မြတ်ဂုဏ်တော်သခင်** (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၈း၀၀ ၆။ ကဗျာပန်းဥယျာဉ်
၈း၁၅ ၇။ **တန်ဖိုး**
၈း၂၅ ၈။ (၆၅)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ်
၈း၄၀ ၉။ International News
၈း၄၅ ၁၀။ Connect with English (Episode-31) (A Box of Memories)

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၁၁း၂၀ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁း၄၅ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၁၅ ၅။ Yan Can Cook
၁၂း၃၅ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဟာသကမ္ဘာ**(အပိုင်း-၇၉)
၁၃း၂၀ ၇။ အတီးပြိုင်ပွဲ
၁၃း၄၀ ၈။ ကြံခင်းဘိလပ်မြေစက်ရုံ
၁၃း၅၀ ၉။ **လာအတူသွားကြစို့**
၁၄း၀၀ ၁၀။ ရုပ်မြင်ရသတေးစုကဏ္ဍ
၁၄း၂၅ ၁၁။ နားဝင်ပီယံသူ့လက်သံ
၁၄း၄၅ ၁၂။ International News

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ အကပြိုင်ပွဲ
၄း၂၀ ၃။ စိုက်ပါပျိုးပါ မြန်မာ့မြေလွှာ ဝင်ငွေလည်းရ ဝမ်းလည်းဝ
၄း၃၀ ၄။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲ ဆုရတေးများ
၄း၄၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ရူပဗေဒအထူးပြု) (ရူပဗေဒ)
၄း၅၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၅၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၅း၀၀ ၈။ **ဘွားချစ်ကတားမြစ်ထားသည်**
၅း၄၀ ၉။ တေးဂီတအစီအစဉ်
၅း၅၀ ၁၀။ (၆၅)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ်
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၃။ အလှရှာမယ်လှကမ္ဘာဝယ်
၆း၄၀ ၁၄။ ယဉ်တစ်ကိုယ်မယ် အောန်ဆိုင်း (ဒါရိုက်တာ-မင်းဇေယျာလင်း)
၇း၀၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **တော်ဝင်နှလုံးသား** (အပိုင်း-၁၉)
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၈)
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရွှေဖူးစာလည်** (အပိုင်း-၄)
၂၁။ ဂီတတံခါးလေးဖွင့်ပါဦး

လယ်ယာစပါး ပြည့်အားထား တားဆီးကာကွယ် မီးရန်ခွယ်

သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ ဗီယက်နမ်မှ ပြန်လည်ရောက်ရှိ

အာဆီယံ လူသားချင်းစာနာမှု အထောက်အကူပေးရေး အစည်းအဝေးတက်ရောက်ခဲ့

နေပြည်တော် မတ် ၁၂

သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ ဥက္ကဋ္ဌနှင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆူဝမ်၏ ဖိတ်ကြားချက်အရ မတ် ၈ရက်နှင့် ၉ရက်တို့တွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟန္နိုင်းမြို့၌ ကျင်းပသည့် မြန်မာနိုင်ငံမှ နာဂစ်မုန်တိုင်းဒဏ်ခံရသူများအတွက် အာဆီယံ လူသားချင်းစာနာမှု အထောက်အကူပေးရေးပင်မအဖွဲ့ (AHTF) ၏ သတ္တမအကြိမ်မြောက် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန် မတ် ၇ရက်က လေကြောင်းခရီးဖြင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟန္နိုင်းမြို့သို့ သွားရောက်ခဲ့သည်။

သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌနှင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟန္နိုင်းမြို့တွင် ကျင်းပသည့် မြန်မာနိုင်ငံမှ နာဂစ်မုန်တိုင်းဒဏ် ခံရသူများအတွက် အာဆီယံ လူသားချင်းစာနာမှု အထောက်အကူပေးရေးပင်မအဖွဲ့ (AHTF) ၏ သတ္တမအကြိမ်မြောက် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး)

တက်ရောက်

အဆိုပါ အစည်းအဝေးသို့ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့၏ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ကုလသမဂ္ဂကိုယ်စားပြု အကြီးတန်းအဖွဲ့ဝင်များ၊ အာဆီယံလူသားချင်းစာနာမှု အထောက်အကူပေးရေးပင်မအဖွဲ့ ဥက္ကဋ္ဌ အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆူဝမ်နှင့် AHTF အဖွဲ့ဝင်များ၊ AHTF အကြံပေးအဖွဲ့ဝင်များ၊ အာဆီယံနိုင်ငံများနှင့် အလှူရှင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် ရန်ကုန်မြို့ရှိ အာဆီယံ လူသားချင်းစာနာမှု အထောက်အကူပေးရေး ညှိနှိုင်းရေးရုံးမှ တာဝန်ရှိသူများ၊ ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌနှင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မတ် ၈ရက်နှင့် ၉ရက်တို့တွင် Melia Hanoi ဟိုတယ်၌ ကျင်းပသည့် မြန်မာနိုင်ငံမှ နာဂစ်မုန်တိုင်းဒဏ်ခံရသူများအတွက် အာဆီယံ လူသားချင်းစာနာမှု အထောက်အကူပေးရေးပင်မအဖွဲ့၏ သတ္တမအကြိမ်မြောက် အစည်းအဝေးနှင့်ဆက်စပ် အစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။

အစီရင်ခံတင်ပြ

အစည်းအဝေး၌ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ ဥက္ကဋ္ဌနှင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူသည် ၂၀၀၉ခုနှစ် ဇူလိုင် ၂ရက်က အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၌ ကျင်းပခဲ့သည့် အာဆီယံလူသားချင်းစာနာမှု အထောက်အကူပေးရေးပင်မအဖွဲ့၏ ဆဋ္ဌမအကြိမ်မြောက်အစည်းအဝေး နောက်ပိုင်း နာဂစ်လွန်ကာလ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး၊ အနာဂတ် သဘာဝဘေးဒဏ် ကြိုတင်ကာကွယ်ရေး အစီအမံများ ဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်းသော ဖြစ်ပေါ်တိုးတက်မှု အစီရင်ခံစာကို တင်သွင်းခဲ့သည်။ အလားတူ အာဆီယံ လူသားချင်းစာနာမှု အထောက်အကူပေးရေးပင်မအဖွဲ့ ညှိနှိုင်းရေးရုံးကလည်း ယင်းတို့၏ လုပ်ငန်းဆောင်ရွက်ချက် တိုးတက်မှုကို အစီရင်ခံတင်ပြခဲ့သည်။

ဆွေးနွေး

ထို့အပြင် အစည်းအဝေးများတွင် နာဂစ်မုန်တိုင်းလွန်ကာလ ပြန်လည်ထူထောင်ရေးနှင့် အနာဂတ်သဘာဝဘေးဒဏ် ကြိုတင်ကာကွယ်ရေးစီမံချက် (PONREPP) အရ ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆက်လက် အကောင်အထည်ဖော်မှုများ၊ အလှူရှင်နိုင်ငံများ၏ ပံ့ပိုးမှုများ၊ ၂၀၁၀ ခုနှစ် ဇန်နဝါရီလအတွင်းက ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒါနန်းမြို့၌ ကျင်းပခဲ့သော အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အလွတ်သဘောအစည်းအဝေးတွင် အာဆီယံ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ၌ နာဂစ်မုန်တိုင်းလွန်ကာလ ပြန်လည်ထူထောင်ရေး အထောက်အကူပြုလုပ်ငန်းများကို ၂၀၁၀ ခုနှစ် ဇူလိုင်လတွင် အဆုံးသတ်စေရန် ဆွေးနွေးဆုံးဖြတ်ချက်အရ အာဆီယံ လူသားချင်းစာနာမှု အထောက်အကူပေးရေးပင်မအဖွဲ့နှင့် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့တို့ အပြီးသတ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ စသည်တို့ကို ဆွေးနွေးခဲ့ကြသည်။

ပြန်လည်ရောက်ရှိ

သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌနှင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ဟန္နိုင်းမြို့မှ ပြန်လည်ရောက်ရှိလာသည်။ (သတင်းစဉ်)

မြန်မာစက်မှုပြပွဲ၌ ဂလိုဘယ်ပဲဆီသန့် ပါဝင်ပြသ

ရန်ကုန် မတ် ၁၂

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မတ် ၅ရက်မှ ၇ရက်အထိ ပြသခဲ့သည့် မြန်မာစက်မှုပြပွဲ ၂၀၁၀ပြပွဲတွင် Aye Chan Myay General Trading Co.,Op Ltd. ပြခန်းလည်း ပါဝင်ပြသခဲ့သည်။ (အောက်ပုံ)

ထုတ်လုပ်ဖြန့်ဖြူး

ပြခန်း၌ Global ပဲဆီသန့်နှင့် Global နှမ်းဆီမွှေးတို့ကိုပြသထားပြီး Global မြေပဲဆီသန့်နှင့် Global နှမ်းဆီမွှေးတို့သည် အရည်အသွေးမြင့် ကုန်ကြမ်းများဖြစ်သည့် မြေပဲဆန်နှင့် နှမ်းတို့ကို အဆင့်မီစက်ကြီးများဖြင့် စနစ်တကျ ကြိတ်ခွဲထုတ်လုပ်ထားသည်။ စားသုံးသူများ အန္တရာယ်မဖြစ်စေရေးအတွက် ဓာတ်ခွဲခန်းများတွင် စစ်ဆေးဆောင်ရွက်ပြီးမှသာ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည်။ Global ပဲဆီသန့်သည် အများပြည်သူ စားသုံးရန်သင့်လျော်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနမှ ထောက်ခံချက်အမှတ် (၈၁၂/၀၈၀၀၂/ထလ)ဖြင့် မြန်မာနိုင်ငံတွင် ပထမဦးဆုံး ပဲဆီသန့်ထုတ်လုပ်ရန် ခွင့်ပြုချက်ရရှိထားသည်။ နှမ်းဆီမွှေးသည် ထောက်ခံချက်အမှတ် (၈၁၂/၀၈၀၀၂/ထလ-၃၈)ဖြင့် ခွင့်ပြုချက်ရရှိထားသည်။

Global နှမ်းဆီမွှေးကို ဟင်းသီးဟင်းရွက်ကြော်၊ အသားဟင်း၊ ဟင်းသီးဟင်းရွက်သုပ်တို့တွင် တစ်စက်နှစ်စက်မျှ ထည့်သွင်းအသုံးပြုခြင်းဖြင့် အနံ့အရသာ ပိုမိုပြည့်စုံစေသည်။

ဆက်သွယ်ဝယ်ယူနိုင်

နှမ်းဆီမွှေးစားသုံးခြင်းဖြင့် ကိုလက်စထရော ကျစေသည့်အပြင် သွေးကြောအတွင်းရှိ သံခတ်၊ သတ္တုဓာတ်များကို ဖြစ်ပေါ်စေပြီး သွေးအတွင်းရှိ အချိုဓာတ်ကို ထိန်းချုပ် လျှော့ကျပေးနိုင်ခြင်းကြောင့် သွေးချိုရောဂါဖြစ်ခြင်းမှ ကာကွယ်ပေးနိုင်ကာ သွေးလည်ပတ်မှု ကောင်းမွန်စေသည်။ အရိုးအဆစ်ရောဂါဝေဒနာတို့ကို သက်သာစေနိုင်ပြီး ခန္ဓာကိုယ်အတွင်းရှိ အဆိပ်အတောက်များကို လျှော့နည်းပြေပျောက်စေသည်။ ချက်ပြုတ်ရာတွင် အသုံးပြုသည့် မြန်မာ့ရိုးရာနှမ်းဆီကိုလည်း မကြာမီ ထုတ်လုပ်ဖြန့်ချိမည်ဖြစ်သည်။ Global ပဲဆီသန့်နှင့် နှမ်းဆီမွှေးတို့ကို အမှတ်(၄၇/၄၈) ဗဟိုစည်အိမ်ရာဝင်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၁၅၀၃၁၊ ၂၂၇၇၅၇၊ အမှတ် ၆၃ လမ်းမတော်လမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၁၂၄၂၀၊ ၂၁၄၅၁၆၊ အမှတ် (၈/၁၂)၄၀လမ်း ဘုရင့်နောင် ရန်ကုန်မြို့ ဖုန်း-၆၈၀၂၀၆၊ ၆၈၀၂၀၇၊ အမှတ် ၁၆ လှိုင်မြစ်လမ်း လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၅၀-၂၅၄၃၃နှင့် ၇၀၅၉၆၁၊ မန္တလေးမြို့ ဖုန်း-၀၂-၃၃၂၅၀၊ ၀၂-၇၁၅၄၆တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နေ့ညမဟူ သတိမူ ရှေ့သို့မီးကိုသာ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃-၃-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ အင်္ဂလိမာလသုတ် ဇောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
၅:၁၅	MRTV-4 သတင်း
၆:၀၀	**ခန္ဓာကဟောတဲ့တရားနာကြပါ** တရားတော် (ဆရာတော် ဘဒ္ဒန္တ ဒေါက်တာ စန္ဒာဝရာဘိဝံသ)
၇:၀၀	MRTV-4 သတင်း
၇:၄၅	ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ် (၁၉၇၅-၇၉) ဓာတုဗေဒ၊ ကုန်ထုတ်ဓာတုဗေဒ အာစရိယပူဇော်ပွဲ
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၄၈)
၈:၃၀	Sports World (Planet Speed)
၈:၅၅	သီးပွင့်ဝေဆာ…လေးဝတီမှာ
၉:၁၀	Activities in the City - စက်မှုလက်မှု အထက(၁) အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ - DAC အာစရိယပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ
၉:၄၀	Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀:၂၅	To...Golf ချစ်သူများ
၁၀:၄၅	သွားမယ်စားမယ် (Fun Food Centre)
၁၁:၁၀	ပြောင်းလဲလာမည့်…သင့်ကမ္ဘာ
၁၁:၂၀	ဖန်ခါးမြေမှရတနာ
၁၁:၄၀	သံစဉ်စာသားဖန်တီးသူများ (တေးရေး အရိုးနှင့် တွေ့ဆုံခြင်း)
၁၂:၁၀	Activities in the City - စက်မှုလက်မှု အထက(၁) အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ - DAC အာစရိယပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ
၁၂:၄၀	မန်းရွှေစက်တော်မှ ခြေတော်ရာဦး ဖူးရအောင်
၁:၀၀	**ခန္ဓာကဟောတဲ့တရားနာကြပါ** တရားတော် (ဆရာတော် ဘဒ္ဒန္တ ဒေါက်တာ စန္ဒာဝရာဘိဝံသ)
၂:၀၀	MRTV-4 သတင်း
၂:၄၅	Fashion Music Festival Hip Hop ကမ်းခြေ(၂)
၃:၂၀	To...Golf ချစ်သူများ
၃:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၄၈)
၄:၁၀	စကားဝါမြေ၏အိုအေစစ် (Popa Mountain Resort)
၄:၃၅	နှလုံးသားဖြင့် မြင်နိုင်စွမ်းသူတို့၏ Physiotherapy Clinic
၅:၀၀	သီးပွင့်ဝေဆာ…လေးဝတီမှာ
၅:၂၀	Shooting Making (**လာဘ်ကောင်** ရိုက်ကွင်း)
၅:၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀	MRTV-4 သတင်း
၆:၂၀	သွားမယ်စားမယ် (Fun Food Centre)
၆:၄၅	နေချင်စဖွယ် အိမ်အလှဆင်ကြမယ် (မလိခလမ်းက သဘာဝတရားတွေ လွှမ်းခြုံထားတဲ့အိမ်ကလေး)
၇:၁၅	Fashion Music Festival Hip Hop ကမ်းခြေ(၂)
၇:၄၅	အင်တာနက်လမ်းညွှန် Website အညွှန်း (အပိုင်း-၅)
၈:၀၀	MRTV-4 သတင်း
၈:၃၀	Shooting Making (**လာဘ်ကောင်** ရိုက်ကွင်း)
၈:၅၅	နေချင်စဖွယ်အိမ်အလှဆင်ကြမယ် (မလိခလမ်းက သဘာဝတရားတွေ လွှမ်းခြုံထားတဲ့အိမ်ကလေး)
၉:၃၀	Barclays Premier League **Birmingham Vs Everton**
၁၁:၂၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၄၈)
၁၁:၅၅	Barclays Premier League **Hull City Vs Arsenal**
၁:၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇:၀၀	Tottenham- Blackburn	ESPN(Live)
၉:၂၅	Chelsea-West Ham	ESPN(Live)
	Birmingham -Everton	Star Sports (Live)
၁၁:၃၀	Stoke City - Aston Villa	Star Sports (SDD)
၁၁:၅၅	Hull City -Arsenal	ESPN(Live)

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

အတည်ပေါက်နောက်တဲ့လူ ဆက်လက်ပြသ မော်ဝင်မီးခွက်ပိုင်ရှင်အာလာဒင် ရုံဝင်လာ

ရန်ကုန် မတ် ၁၂

မင်းမော်ကွန်းနှင့် ခန့်စည်သူတို့၏ **အတည်ပေါက်နောက်တဲ့လူ** ဟာသဇာတ်မြူးကားမှာ နဝဒေး၊ သမ္မတ၊ သွင်နှင့် မင်္ဂလာ အဆင့်မြင့်ရုံများတွင် တတိယပတ်မြောက် ဆက်လက် ပြသနေဆဲဖြစ်သည်။ အောင်သူရနှင့် အိန္ဒြာကျော်ဇင်တို့ ပါဝင်ထားသည့် **အတိတ်၏အရိပ်**ဇာတ်ကားကို ရန်ကုန်မြို့လယ် ဝဇီရာ၊ ရွှေဗဟိုရ်၊ ဘုရင့်နောင်၊ ဧရာဝတီများတွင် ကြည့်ရှုကြရမည်ဖြစ်သည်။

မော်ဝင်မီးခွက်ပိုင်ရှင်အာလာဒင်မှ မင်းသားကြီး အမိတာဘာဂျန်း။

အာလာဒင်

ထူးဆန်းသည့် မော်မီးခွက်ပိုင်ရှင်လေး၏ ဒဏ္ဍာရီဆန်သော ဘဝအပြောင်းအလဲကို ထူးခြားသည့်ရိုက်ချက်များဖြင့် အံ့မခန်းရိုက်ကူးထားသော Aladin ဇာတ်ကားမှာ ရွှေဆောင်ရုံတွင် ရုံဝင်လာသည်။ အာလာဒင်ဇာတ်ကားတွင် မင်းသား အမိတာဘာဂျန်း၊ ဆန်ဂျေးဒတ်၊ ဂျီတက်ချ်ဒက်မုချ်၊ ဂျက်ကွီလိုင်း ဖာနန်ဒတ်၊ ဆာလ်ပေးခန်းတို့ ပါဝင်ထားသည်။ အင်္ဂလိပ်စာတန်းထိုး အိန္ဒိယအချစ်အက်ရှင်ဇာတ်ကားသစ်ဖြစ်သည်။

ဂျက်ကီချန်းနှင့် ကလေးများပါဝင်ထားသည့် The Spy Next Door ဇာတ်ကားမှာ နေပြည်တော်ရုံတွင် ပြသနေဆဲဖြစ်သည်။

အိန္ဒိယဇာတ်ကားများ

မင်းသား အမီလ်ခန်းနှင့် မင်းသမီး ဂျူဟီချာဝါလာတို့ ပါဝင်ထားသည့် Aatank Hi Aatank ဇာတ်ကားမှာ တန်းမြင့်မြို့မရုံတွင် ရုံဝင်လာသည်။ ဘုရင့်ရုံတွင် မင်းသား အာဂျေးနှင့် မင်းသမီး ကာဂျိုးလ်တို့ ပါဝင်ထားသည့် Pyaar to Hona Hetha ဇာတ်ကားကို ကြည့်ရှုကြရမည်ဖြစ်သည်။ ။ (မြန်မာ့အလင်း)

○ *ရှေ့ဖုံးမှ*

အောင်မြင်ဖြစ်ထွန်း

တောင်စောင်းများတစ်လျှောက် လှေကားထစ်များ ပြုလုပ်စိုက်ပျိုးထားသော လက်ဖက်စိုက်ခင်းများ၏ အလှကို အတန်ကြာ ငေးမောကြည့်ရှုနေမိသည်။ လှပလွန်းသော လက်ဖက်စိုက်ခင်း၊ အောင်မြင်ဖြစ်ထွန်းသော လက်ဖက်ပင်ပျိုများ....။ လက်ဖက်ရွက်များကို စနစ်တကျခူးနေကြသည့် အလုပ်သမားများကို ကြည့်ရှုရသည်မှာ အသက်ဝင်လှုပ်ရှားနေသော ပန်းချီကားတစ်ချပ်နှယ်....။

လက်ဖက်စိုက်ခင်း တစ်နေရာ၌ကားရပ်ပြီး လက်ဖက်ပင်များ စိုက်ပျိုးထားမှုကို စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာနေစဉ် လက်ဖက်စိုက်ခင်းပိုင်ရှင် ဦးနေလင်းက ''လက်ဖက်စိုက်ပျိုးဖို့အတွက် စုစုပေါင်းဧက ၁၀၃၀ ခန့်ရှိပါတယ်။ နိုင်ငံတော်က ခွင့်ပြုပေးထားတာပါ။ တောင်ကုန်းတောင်ကြောတွေကို ၂၀၀၂ခုနှစ်က စတင်ပြီး ခုတ်ထွင်ရှင်းလင်းခဲ့ပြီး ၂၀၀၃ခုနှစ်မှာ လက်ဖက်ပင်တွေ စတင်စိုက်ပျိုးခဲ့ခြင်းဖြစ်ပါတယ်''ဟု သတင်းအဖွဲ့အား ရှင်းပြသည်။

ကျွမ်းကျင်နှံ့စပ်

ဦးနေလင်းသည် အသက်(၃၅)နှစ်အရွယ်သာရှိသည့် လူငယ်တစ်ဦးဖြစ်သော်လည်း လက်ဖက်စိုက်ပျိုးခြင်းလုပ်ငန်းအပေါ် ကျွမ်းကျင်နှံ့စပ်စွာ လေ့လာထားသူဖြစ်ကြောင်း စိုက်ပျိုးထားသည့် လက်ဖက်စိုက်ခင်းများက သက်သေပြလျက်ရှိသည်။ တောင်ကုန်းများပေါ်တွင် စိုက်ပျိုးထားခြင်းဖြစ်ရာ 'a'ဟု သတ်မှတ်ထားသော တောင်ကုန်းတွင် ၂၀၀၃ ခုနှစ်မှစတင်ကာ လက်ဖက်ပင် ၅ဒသမ ၅သောင်း၊ 'b'ဟု သတ်မှတ်ထားသော တောင်ကုန်းတွင် လက်ဖက်ပင် ကိုးသောင်း၊ 'c'ဟု သတ်မှတ်ထား

> **''လက်ဖက်ခူးတဲ့အခါ အခုလို အဖူးအောက်က အရွက် သုံးရွက်အထိပဲ ခူးရတယ်။ တတိယ အရွက်က အနံ့အရသာ အရှိဆုံးပါပဲ''**
>
> ဦးနေလင်း။

သော တောင်ကုန်းတွင် လက်ဖက်ပင် ၄ဒသမ ၅သောင်းစိုက်ပျိုးထားသည်။ 'd' အမှတ်အသား စိုက်ခင်းတွင် လက်ဖက်ပင် စုစုပေါင်း ၅ဒသမ ၅ သောင်း စိုက်ပျိုးထားကြောင်းသိရသည်။ လက်ဖက်စိုက်ပျိုးသည့် တောင်ကုန်းများမှာ ၂၀၀၄ခုနှစ်၌ ၉ဒသမ ၅သောင်း၊ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် လက်ဖက်ပင်ခြောက်သောင်းစသည်ဖြင့် စိုက်ပျိုးခဲ့ရာ စုစုပေါင်း လက်ဖက်ပင် လေးသိန်းခွဲကျော် စိုက်ပျိုးပြီးဖြစ်သည်။

''ကျွန်တော့် လက်ဖက်စိုက်ခင်းမှာတော့ လက်ဖက်ပင် အမျိုးအစား သုံးမျိုးရှိပါတယ်။ အဲဒါတွေကတော့ ကိုင်းနုမျိုး၊ နံပါတ်-၁၂မျိုးနဲ့ လေးရာသီမျိုးတို့ပဲ ဖြစ်ပါတယ်။ ကျွန်တော်ကတော့ ကိုင်းညှပ် ပျိုးထောင်ပြီး ပျိုးပင်တစ်နှစ်သားအရွယ်မှာ စပြီး စိုက်တာပေါ့။ ပျိုးခင်းကနေပြီး စိုက်ခင်းကို ပြောင်းရွှေ့စိုက်တဲ့အခါ မြေဩဇာ၊ အပင်ပိုးသတ်ဆေးနဲ့ ဩဂဲနစ်မြေဩဇာတွေကို စနစ်တကျအသုံးပြုပေးရတယ်။ လက်ဖက် စိုက်ခင်းမှာစစိုက်ပြီး တစ်နှစ်သားအရွယ်မှာ လက်ဖက်စတင် ခူးလို့ရပါပြီ''ဟု ဦးနေလင်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။

ရေသွယ်ယူစိုက်ပျိုး

တောင်ကြော တစ်လျှောက် စီတန်းညီညာစွာ စိုက်ပျိုးထားသော လက်ဖက်ပင်များအကြား ပေါင်းမြက်များကို နှိမ်နင်းထားသဖြင့် လက်ဖက်ပင်များသန်စွမ်းမှု ပိုအားကောင်းလျက်ရှိသည်။ အတန်းလိုက် စိုက်ပျိုးထားသောလက်ဖက်ပင်များကို ကြည့်ရင်း လက်ဖက်ရွက်တစ်ရွက်ကိုခူးပြီး လေ့လာကြည့်ရာ အသားထူပြီး အရွက်များနူးညံ့ကာ အနံ့သင်းသင်းလေး ဖြစ်နေသည်။ လက်ဖက်ခင်းအတွင်း အတူလိုက်ပါကာ ရှင်းပြနေသော ဦးနေလင်းက ''လက်ဖက်ပင်ရဲ့ သဘောသဘာဝက ရေမဝပ်တဲ့မြေအမျိုးအစားမြေစေးမဟုတ်တဲ့ မြေ၊ သဲနုန်းဆန်တဲ့ မြေတွေမှာ စိုက်ပျိုး ဖြစ်ထွန်းနိုင်ပါတယ်။ ဒါပေမယ့် ရေများများ ရရှိဖို့လည်း လိုအပ်တယ်။ လက်ဖက်စိုက်ပျိုးရင် အမြဲအနေနဲ့ ရေအမြဲတမ်း ရရှိနေဖို့ အရေးကြီးပါတယ်။ ကျွန်တော် လက်ဖက်စိုက်ပျိုးဖို့ ဒီနေရာကို ရွေးချယ်ရတာကလည်း အမြဲအနေနဲ့ အမြဲတမ်း ရေရရှိနိုင်တဲ့ နေရာဖြစ်လို့ပါပဲ။ ဟိုး....တောင်ပေါ်မှာသဘာဝရေထွက်ရှိတယ်....၊ အဲဒီသဘာဝရေထွက်ကနေပြီး ရေသွယ်ယူစိုက်ပျိုးခြင်း ဖြစ်ပါတယ်''ဟု မနီးမဝေးမှ တောင်ကုန်းအမြင့်တစ်နေရာကို လက်ညှိုးထိုးပြသရင်း ဦးနေလင်းက ရှင်းပြသည်။

မွေးပျံ့ထုံသင်း

ထိုသို့ လှည့်လည်ကြည့်ရှုရင်းနှင့် တောင်စောင်းနှင့် တောင်ကြောများရှိ လက်ဖက်စိုက်ခင်းများပေါ်သို့ ရောက်ခဲ့သည်။ ရှမ်းရိုးမ တောင်တန်းပေါ် ဖြတ်သန်းတိုက်ခတ်လာသောလေသည် လက်ဖက်စိုက်ခင်းအတွင်း ဝင်ရောက်လာရာ လက်ဖက် ရနံ့သင်းသင်းနှင့် အတူ ဝန်းကျင်တစ်ခွင်တွင် မွှေးပျံ့ထုံသင်းလျက်ရှိနေသည်။ လက်ဖက်စိုက်ခင်းများကို အဝေးမှကြည့်လျှင် လှေကားထစ်များသဖွယ် ဖြစ်နေရာ အနီးကပ် လေ့လာကြည့်သည့်အခါ လှေကားထစ် တစ်ခုနှင့်တစ်ခု အနည်းဆုံး လေးပေခွဲခန့် ခြားထားကြောင်း တွေ့ရသည်။ လက်ဖက်ကို အဖူး၊ အဖူးအောက်မှ ဒုတိယအရွက်၊ ဒုတိယ အရွက်အောက်မှ တတိယအရွက်တို့ ဖြစ်သည်။ အဖူးမှာခါးပြီး တတိယအရွက်ကသာ အရသာရှိကြောင်း သိရသည်။

တစ်နှစ်ပတ်လုံးခူး

''လက်ဖက် စိုက်ခင်းတွေကို ၄၅ရက် တစ်ကြိမ် ခူးနေရပါပြီ။ စိုက်ခင်းတွေကိုလှည့်ပြီး ၄၅ရက် တစ်ကြိမ် ခူးနေရတာမို့ တစ်နှစ်ပတ်လုံး ခူးနေရတာပါပဲ။ တစ်ကြိမ်ခူးရင် လက်ဖက်အစို ၁၅တန်လောက် ရရှိပါတယ်။ စက်အခန်းထဲမှာ အစိုဓာတ်ကို စနစ်တကျထိန်းညှိပြီးတော့ အခြောက်ခံရပါတယ်။ ပြီးရင်လက်ဖက်ခြောက်လှော်တဲ့ အိုးကြီးတွေနဲ့လှော်တယ်။ ပုံဖိစက်နဲ့ ပုံသွင်းပြီး အရည်အသွေးစစ်ဆေးပြီးနောက် နိုင်ငံတကာအဆင့်မီ လက်ဖက်ခြောက်ကုန်ချောအဖြစ် ထုပ်ပိုးထုတ်လုပ်ပါတယ်။ ကျွန်တော်တို့ကတော့ အဆင့်တိုင်းမှာ ကွန်ပျူတာထိန်းချုပ်မှုစနစ်တွေနဲ့ စနစ်တကျ အရည်အသွေးကို ထိန်းသိမ်းနေပါတယ်''ဟုဦးနေလင်းက ဆက်လက်ရှင်းပြသည်။

လက်ဖက်စိုက်ခင်းတစ်ခင်းမှ လက်ဖက်ခူးနေကြသူများအား လှေကားထစ် စိုက်ပျိုးမှုအလှနှင့်အတူ ဤသို့ တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

တောင်စောင်းလက်ဖက်စိုက်ခင်းနှင့် လက်ဖက်ခြောက်စက်ရုံကို ဤသို့ တွဲဖက်တည်ဆောက်ထားရာ ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်သည်အထိ ဆောင်ရွက်နိုင်သည်။ (မြန်မာ့အလင်း)

လက်ဖက်စိုက်ခင်းတွေထဲမှာ ရေဖျန်းပိုက်ခေါင်းတွေ တပ်ဆင်ပေးထားရတယ်။ ကျွန်တော့်လက်ဖက်စိုက်ခင်းမှာတော့ အလိုအလျောက် ရေဖျန်းပိုက်ခေါင်းငါးသောင်းကျော် တပ်ဆင်ပေးထားပါတယ်။ သဘာဝရေထွက်မှ ရေတွေကိုသွယ်ယူပြီး ရေဖျန်းပိုက်ခေါင်းတွေနဲ့ အလိုအလျောက် ရေဖျန်းပေးတဲ့စနစ်ကို ကျင့်သုံးခြင်းဖြစ်ပါတယ်။ ပိုးသတ်ဆေးကတော့ ၁၅ရက် တစ်ကြိမ်နှုန်းဖျန်းပေးပြီး မြေဩဇာကတော့ ၄၅ရက်ကို နှစ်ကြိမ်ကျွေးပေးပါတယ်။ ပေါင်းမြက်တွေကို အရှည် တစ်ပေမကျော်အောင် အမြဲတမ်းရှင်းပေးနေရပါတယ်''ဟု ဦးနေလင်းက ရှင်းပြသည်။

ပညာပါ

လက်ဖက်စိုက်ခင်း တစ်နေရာ၌ လက်ဖက်ခူးနေသူများကိုတွေ့ရသည်။ လက်ဖက်ရွက်ခူးသည်မှာ ပညာပါသည်။ ကြုံသလို ခူး၍ မရချေ။ လက်ဖက်တစ်နုတွင် သုံးရွက်သာ ခူးရသည်။ လက်ဖက်ရွက်သုံးရွက်ဆိုသည်မှာ လက်ဖက်က နှစ်ရှည်ပင်မျိုးဆိုတော့ ထွက်နှုန်းမကျမချင်း နှစ်ပေါင်းများစွာ လက်ဖက်ခူးယူလို့ ရနေတာပါပဲ။ ကျွန်တော့် လက်ဖက်စိုက်ခင်းမှာ အမြဲတမ်းဝန်ထမ်း ၆၀လောက် ရှိပါတယ်။ လက်ဖက်ခူးချိန် ဆိုရင်တော့ ဝန်ထမ်း ၁၀၀ကျော်ရှိပါတယ်''ဟု ဦးနေလင်းက ရှင်းပြသည်။

ငါးမွေးကန်

လက်ဖက်စိုက်ခင်းပြုလုပ်၍မရသော နေရာများတွင် မွေးမြူရေးလုပ်ငန်းဖြစ်သော ငါးမွေးကန်ရှိသကဲ့သို့ စပါးစိုက်ခင်းဧက ၂၀ခန့်လည်း ရှိပါသည်။ ဝန်ထမ်းများကို ကြက်နှင့်ဝက် မွေးမြူရေးကိုလည်း လုပ်ကိုင်လိုအောင် တွန်းအားပေးလျက်ရှိသည်။ လက်ဖက်စိုက်ခင်းကို လေ့လာစဉ် မိုးသည်းထန်စွာ ရွာသွန်းလာသဖြင့် တောင်ခြေရှိ ဦးနေလင်းပိုင် စက်ရုံအဆောက်အအုံသို့ ဝင်ရောက် မိုးခိုခဲ့ရသည်။

ပုံသွင်း

''လက်ဖက်စိုက်ခင်းကထွက်လာတဲ့ လက်ဖက်ရွက်တွေကို ဒီစက်ရုံရှေ့ကွက်လပ်မှာ အခြောက်လှန်းတယ်။ ပြီးရင် ဗန်းတွေထဲထည့်ပြီး လေအေး

ရနံ့မွှေး

ဦးနေလင်း၏ လက်ဖက် စိုက်ခင်းမှထွက်ရှိသော လက်ဖက်ခြောက်လေးများမှာ လုံးဝန်းသော ပုံသဏ္ဌာန်လေးများဖြစ်ပြီး ရေနွေးတွင် ခပ်ပြီးသောက်ကြည့်ရာ ရနံ့မွှေးကာ ထူးခြားသော အရသာရှိသည်။ တစ်ခွက်သောက်ပြီး နောက်တစ်ခွက် ထပ်မံသောက်ချင်နေပြန်သည်။ ယခုကဲ့သို့ လက်ဖက်ခြောက် မျိုးကောင်းများကို ပြည်ပသို့ တိုက်ရိုက် တင်ပို့ရောင်းချနိုင်ခြင်းအားဖြင့် နိုင်ငံအတွက် ပြည်ပဝင်ငွေ များစွာရရှိစေမည်ဖြစ်သည်။

ပြန်လည်ထွက်ခွာ

ဦးနေလင်း၏ လက်ဖက်စိုက်ခင်းမှ ပြန်လည်ထွက်ခွာခဲ့သည်။ မြေလွတ်၊ မြေရိုင်းများကို ဖော်ထုတ်ပြီး တိုင်းရင်းသားလုပ်ငန်းရှင်များက စိုက်ပျိုးရေးလုပ်ငန်းများ တက်တက်ကြွကြွ လုပ်ကိုင်နေကြသည့် မြင်ကွင်းကား နေခြည်အလင်းနှင့်အတူ ရှမ်းရိုးမတောင်တန်းပေါ်တစ်ခွင်တွင် မြရည်ဝင်းလျက်ရှိနေပါကြောင်း။ ။

(မြန်မာ့အလင်း)

တစ်ပြည်လုံးတွင် သာယာမည်

နေပြည်တော် မတ် ၁၂

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မတ် ၁၃ ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာမည်။

မြန်မာ့ပင်လယ်ပြင်တွင် မုတ္တမကွေ့၊ မွန် - တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံအရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မတ်လတတိယရက်သတ္တပတ်ကုန်ရက်များအတွက် မိုးလေဝသ ခန့်မှန်းချက်မှာ လာမည့်သီတင်းပတ်ကုန်ရက်များအတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်ဖြစ်သည်။

ရန်ကုန်တိုင်းအတွင်းရှိ အသေးစားမတည်ရင်းနှီးငွေ(ယာယီချေးငွေ) ရရှိထားပြီးသူများအား တွေ့ဆုံပွဲကျင်းပစဉ်။ (သတင်းစဉ်)

စက်အခန်းထဲမှာ အစိုဓာတ်ကို စနစ်တကျထိန်းညှိပြီးတော့ အခြောက်ခံရပါတယ်။ ပြီးရင်လက်ဖက်ခြောက်လှော်တဲ့ အိုးကြီးတွေနဲ့လှော်တယ်။ ပုံဖိစက်နဲ့ ပုံသွင်းပြီး အရည်အသွေးစစ်ဆေးပြီးနောက် နိုင်ငံတကာအဆင့်မီ လက်ဖက်ခြောက်ကုန်ချောအဖြစ် ထုပ်ပိုးထုတ်လုပ်ပါတယ်။ ကျွန်တော်တို့ကတော့ အဆင့်တိုင်းမှာ ကွန်ပျူတာထိန်းချုပ်မှုစနစ်တွေနဲ့ စနစ်တကျ အရည်အသွေးကို ထိန်းသိမ်းနေပါတယ်''ဟုဦးနေလင်းက ဆက်လက်ရှင်းပြသည်။

ရန့်မွှေး

ဦးနေလင်း၏ လက်ဖက် စိုက်ခင်းမှထွက်ရှိသော လက်ဖက်ခြောက်လေးများမှာ လုံးဝန်းသော ပုံသဏ္ဌာန်လေးများဖြစ်ပြီး ရေနွေးတွင် ခပ်ပြီးသောက်ကြည့်ရာ ရန့်မွှေးကာ ထူးခြားသော အရသာရှိသည်။ တစ်ခွက်သောက်ပြီး နောက်တစ်ခွက် ထပ်မံသောက်ချင်နေပြန်သည်။ ယခုကဲ့သို့ လက်ဖက်ခြောက် မျိုးကောင်းများကို ပြည်ပသို့ တိုက်ရိုက် တင်ပို့ရောင်းချနိုင်ခြင်းအားဖြင့် နိုင်ငံအတွက် ပြည်ပဝင်ငွေ များစွာရရှိစေမည်ဖြစ်သည်။

ပြန်လည်ထွက်ခွာ

ဦးနေလင်း၏ လက်ဖက်စိုက်ခင်းမှ ပြန်လည်ထွက်ခွာခဲ့သည်။ မြေလွတ်၊ မြေရိုင်းများကို ဖော်ထုတ်ပြီး တိုင်းရင်းသားလုပ်ငန်းရှင်များက စိုက်ပျိုးရေးလုပ်ငန်းများ တက်တက်ကြွကြွ လုပ်ကိုင်နေကြသည့် မြင်ကွင်းကား နေခြည်အလင်းနှင့်အတူ ရှမ်းရိုးမတောင်တန်းပေါ်တစ်ခွင်တွင် မြရည်ဝင်းလျက်ရှိနေပါကြောင်း။ ။

(မြန်မာ့အလင်း)



...ချေးငွေ) ရရှိထားပြီးသူများအား တွေ့ဆုံပွဲ

(သတင်းစဉ်)

❑ ***ရှေ့ဖုံးမှ***

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် မော်ဘီမြို့နယ် မြောင်းတကာကျေးရွာရှိ ရန်ကုန်မြောက်ပိုင်းခရိုင် မျိုးသန့်စိုက်ခင်း မျိုးကွဲနုတ်ပယ်ပွဲသို့ ရောက်ရှိ၍ မျိုးကွဲစပါးစုပေါင်းနုတ်ပယ်နေမှုကိုလည်းကောင်း၊ မြောင်းတကာလျှပ်စစ်ရေတင် စီမံကိန်းသို့ ရောက်ရှိ၍ နွေစပါးစိုက်ပျိုးရန် စိုက်ပျိုးရေပေးဝေနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးအားပေးကာ ဒေသခံတောင်သူလယ်သမားများနှင့်တွေ့ဆုံပြီး နွေစပါးတိုးချဲ့စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေ အလုံအလောက်ရရှိရေးတို့အတွက် ညှိနှိုင်းပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် မြောင်းတကာ သံမဏိစက်မှုဇုန်ရှိ ရန်ကုန်သရဖူသံရည်ကျိုစက်ရုံနှင့် စိုးမိုးခိုင်သံချောင်းထုတ်လုပ်ရေးစက်ရုံတို့သို့ ရောက်ရှိပြီး သံရည်ကျို၊ ပုံသွန်း၊ ပုံလောင်းနှင့် သံချောင်းထုတ်လုပ်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

လက်ဆောင်ပေးအပ်

ထို့နောက် မြောင်းတကာကျေးရွာအနီးရှိ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် ဓာတုဗေဒလုပ်ငန်း အမှတ်(၄) ဓာတ်မြေသြဇာ စက်ရုံစီမံကိန်းသို့ ရောက်ရှိပြီး ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေအား စီမံကိန်းညွှန်ကြားရေးမှူးက စက်ရုံတည်ဆောက်ပြီးစီးမှုအခြေအနေ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို မှာကြားကာ ပညာရှင်များအား သစ်သီးခြင်း လက်ဆောင်ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် စက်ရုံတည်ဆောက်ပြီးစီးမှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အမိုးနီးယားထုတ်စက်ကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား အန္တရာယ်ကင်းရှင်းရေး ဦးစားပေးဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဓာတ်မြေသြဇာစက်ရုံ ကြည့်ရှုစစ်ဆေး

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မော်ဘီမြို့နယ် မြောင်းတကာကျေးရွာအနီးရှိ အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ စီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မန္တလေးမြို့ရှိ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၂

လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည်သည် မတ် ၁၀ရက်တွင် မန္တလေးမြို့အိမ်တွင်းမှု သက်မွေးအတတ်ပညာသင်ကျောင်း၌ ဖွင့်လှစ် သင်ကြားလျက်ရှိသည့် အိမ်တွင်းမှု သင်တန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး သင်တန်းသူများနှင့် တွေ့ဆုံသည်။

ဖွင့်လှစ်သင်ကြား

လူမှုဝန်ထမ်းဦးစီးဌာနသည် ရပ်ရွာဒေသတွင်းရှိ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသက်မွေးဝမ်းကျောင်းပညာများရရှိရန် ရည်ရွယ်ချက်ဖြင့် ရန်ကုန်၊ မန္တလေး၊ မြစ်ကြီးနား၊ ပုသိမ်၊ တောင်ငူ၊ မော်လမြိုင်မြို့နှင့် ဇီးပင်ကြီးတို့၌ အိမ်တွင်းမှု သက်မွေးသင်တန်းကျောင်းခုနစ်ကျောင်းကိုဖွင့်လှစ်၍ ဒေသတွင်းရှိ အမျိုးသမီးငယ်များအတွက် မိန်းမဝတ်အင်္ကျီချုပ်သင်တန်း၊ ကျားရုပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ၊ ဘောင်းဘီ၊ ပန်းအလှပြင်သင်တန်း၊ မြန်မာမုန့်နှင့် နိုင်ငံခြားမုန့်မျိုးစုံ ပြုလုပ်နည်းသင်တန်းတို့ကို တစ်နှစ်လျှင် ရှစ်ကြိမ်ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ထောက်ပံ့ပေးအပ်

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် လူမှုဝန်ထမ်းဦးစီးဌာန၏ မန္တလေးမြို့ အမျိုးသမီးသက်မွေး အတတ်ပညာသင်ကျောင်းသို့ သွားရောက်၍ အဆိုပါကျောင်းတွင် လက်ခံစောင့်ရှောက်ထားသည့် မိဘရပ်ထံ ပြန်လည်အပ်နှံမည့် လူကုန်ကူးခံရသူများကို အားပေးစကားပြောကြားပြီး အသုံးဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

တာဝန်ယူဆောင်ရွက်

မြန်မာနိုင်ငံသည် လူကုန်ကူးမှု တိုက်ဖျက်ရေး(၅)နှစ် စီမံကိန်းအရ နှစ်စဉ် စီမံကိန်းများချမှတ်ပြီး အမျိုးသမီးနှင့် ကလေးသူငယ်များ လူကုန်ကူးမှု တားဆီးတိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ လူမှုဝန်ထမ်း ဦးစီးဌာနသည် လူကုန်ကူးခံရသူများအား ပြန်လည်ပို့ဆောင်ရေး၊ မိဘရပ်ထံပြန်လည်အပ်နှံရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဓိကတာဝန်ယူဆောင်ရွက်နေသည့် ဌာနဖြစ်ပြီး လူကုန်ကူးခံရသူများအား စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ သင်တန်းကျောင်းများ၌ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာနန်းထွမ်းလှ မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားအသင်း စုံညီအစည်းအဝေး(၂၀၁၀) ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းအတွင်းရှိ အသေးစား မတည်ရင်းနှီးငွေ(ယာယီချေးငွေ)ရရှိထားပြီးသူများအား မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကတွေ့ဆုံ

ရန်ကုန် မတ် ၁၂

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ရန်ကုန်တိုင်းအတွင်းရှိ အသေးစားမတည်ရင်းနှီးငွေ(ယာယီချေးငွေ) ရရှိထားပြီးသူများအား တွေ့ဆုံပွဲကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

အဆိုပါ တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာဒေါ်သက်သက်ဇင်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါ်ခင်ထားမေ၊ အတွင်းရေးမှူးများဖြစ်ကြသော ပါမောက္ခ ဒေါက်တာဒေါ်ခင်မာထွန်းနှင့် ဒေါ်မြမြ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေးနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌများနှင့် အသေးစားမတည်ရင်းနှီးငွေ(ယာယီချေးငွေ) ရရှိထားပြီးသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေးက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ရည်ရွယ်ချက်များနှင့်အညီ ဆင်းရဲနွမ်းပါးမှု နည်းပါးစေရန်၊ အမျိုးသမီးများ ဝင်ငွေတိုးလုပ်ငန်း တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေရရှိစေရန်နှင့် လူကုန်ကူးခံရသူ အမျိုးသမီးများအတွက် ဝင်ငွေတိုးလုပ်ငန်း လုပ်ကိုင်နိုင်စေရန် အသေးစားမတည်ရင်းနှီးငွေများကို ထုတ်ချေးပေးခဲ့ခြင်းနှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများနှင့် အသေးစား မတည်ရင်းနှီးငွေ(ယာယီချေးငွေ) ရရှိထားပြီးသူများက အသေးစားမတည်ရင်းနှီးငွေဖြင့် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြကြသည်။

မတည်ငွေထုတ်ချေး

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးက အသေးစားမတည်ရင်းနှီးငွေ ထုတ်ချေးရခြင်းနှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များသည် အသေးစားမတည်ရင်းနှီးငွေဖြင့် ရောင်းချလျက်ရှိသော ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အလယ်ရွှေဂုံတိုင်ရပ်ကွက်ရှိ ဒေါ်နွဲ့နွဲ့အေး၏ ထမင်းဆိုင်သို့ သွားရောက်ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

ထူးခြားသည့် နေ့အပူချိန် ၁၂-၃-၂၀၁၀	
မန္တလေးမြို့	၄၀ဒီဂရီစင်တီဂရိတ်
မကွေးမြို့	၄၀ဒီဂရီစင်တီဂရိတ်
ဘားအံမြို့	၄၀ဒီဂရီစင်တီဂရိတ်

မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားအသင်း စုံညီအစည်းအဝေး(၂၀၁၀)ဖွင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၁၂

မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားအသင်း စုံညီအစည်းအဝေး(၂၀၁၀) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်၈နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်(ပင်မ) ခန်းမဆောင်ကြီး၌ကျင်းပရာ မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာနန်းထွမ်းလှက အဖွင့်အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှည့်လည်ကြည့်ရှု

ဖွင့်ပွဲအခမ်းအနားအပြီးတွင် တက်ရောက်လာကြသူများသည် ခန်းမအတွင်း ခင်းကျင်းပြသထားသော ပြည်နယ်နှင့်တိုင်း သူနာပြုနှင့်သားဖွားအသင်းများ၏ ပြည်သူ့အကျိုးပြုလုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။ ယင်းနောက် စုံညီအစည်းအဝေးကို အစီအစဉ်အတိုင်း ကျင်းပပြီး ပထမနေ့အစီအစဉ်များကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်သည်။

မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားအသင်း စုံညီအစည်းအဝေးတွင် စာတမ်းရှင်ငါးဦးတို့က သူနာပြုပညာရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် သူနာပြုစုမှုသုတေသနဆိုင်ရာ စာတမ်းများကို ဖတ်ကြားတင်သွင်းကြသည်။ အဆိုပါ စုံညီအစည်းအဝေးကို မတ် ၁၃ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ယခုအပတ်ထုတ် News Watch ဂျာနယ်ထွက်ပြီ

ရန်ကုန် မတ် ၁၂

အင်းလျားလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်း၌ ယခုနှစ်သင်္ကြန်မဏ္ဍာပ် ဆောက်ခွင့်မပြုတော့၊ ငွေကျပ် ငါးသိန်းတန်ဖုန်းများ သက်တမ်း ၁၀နှစ်ဆိုသည်မှာ မဟုတ်မှန်ကြောင်း မြန်မာ့ဆက်သွယ်ရေးမှ ငြင်း၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုရန် စာရင်းပေးထားသူ ရှစ်ထောင်ကျော်ဖြေဆိုရန်ပျက်ကွက်၊ ရတနာပုံမြို့သစ်နှစ် ၃၀ဂရန် ရရှိမည်၊ နိုင်ငံပိုင်မှ ပုဂ္ဂလိကပိုင်ပြုလုပ်ရာတွင် ဘောလုံးကွင်းများမပါ၊ ဒလမြို့ နွေရာသီ အားကစားသင်တန်းဖွင့်လှစ်ပေး၊ စစ်တွေမြို့ကိုလည်း ပလတ်စတစ်ကြွပ်ကြွပ်အိတ် ကင်းစင်မြို့အဖြစ်ဆောင်ရွက်မည်၊ မတ်လ ၂၂ရက်မှာ စနေဂြိုဟ်နှင့်ကမ္ဘာတစ်တန်းတည်းကျရောက်ပြီး ဖြစ်ပေါ်လာမည့် အကျိုးဆက်များ။

မော်ဒယ်မြင့်ကားအပါအဝင် ကားပေါင်း ၂၂၇စီး နေပြည်တော်တွင် လေလံတင်မည်၊ ဆရာဒဂုန်တာရာအား ပုံတူပန်းချီရေးဆွဲသည့် အစီအစဉ်ကျင်းပ၊ ကျောက်မီးသွေး လျှပ်စစ်ဓာတ်အားရုံ နှစ်ရုံ ရန်ကုန်တွင် တည်ဆောက်မည်၊ တရုတ်စာ တရုတ်စကားလေ့ကျင့်နည်း၊ ရန်ကုန်-ပုဂံ အထူးအမြန်ရထား (လေအေးပေးစက်နှင့် အိပ်စင်ပါ) ပြေးဆွဲတော့မည်၊ ဇင်ယော်နီ၏ ကံကောင်းချင်သူများအတွက် အထူးယတြာ၊ ရန်ကုန် ငါး-ပုစွန်လက်လီဈေးကွက်တည်ငြိမ်၊ မြန်မာ NGO နှင့် UNDP ပူးပေါင်းပြီး နာဂစ်လွန် ပြန်လည်ထူထောင်ရေး ဆောင်ရွက်မည်၊ သိန်းဖေမြင့် ရေးသားသည့် အမတ်ရူးများအကြောင်း 'မင်းတိုင်ပင်' ဝတ္ထု၊ အပျိုကြီးမဖြစ်လိုပါ ဇာတ်လမ်းနဲ့ နာမည်ကြီးတဲ့ ကိုရီးယားသရုပ်ဆောင် လီတေရမ်၊ အိန်ဂျယ်ချစ်သူ ဂျွန်ရုန်းဟွာ၊ ၂၀၁၀အော်စကာဆုပေးပွဲ ပွဲတက်ဖက်ရှင်များ၊ ခွဲစိတ်မှု မရေမရာဖြစ်နေတဲ့ ရင်ချင်းဆက်အမွှာ ညီအစ်မနှစ်ဦးပေါ်ပေါက်၊ အချစ်နဲ့ပဲ မဆုံးဖြတ်ချင်တဲ့ သက်မွန်မြင့်၊ တစ်ကိုယ်တည်းနေတဲ့ ပြေတီဦး၊ ပြည်ပသွားမယ့် ခင်ဇာခြည်ကျော် စတဲ့ ယနေ့ပေါ်ပြူလာ ဖြစ်နေသူများရဲ့ သတင်းနှင့်အတူ လူမှုရေး၊ စီးပွားရေးကမ္ဘာ့ရေးရာများကို မသိမရှိရလေအောင် စသည့် သတင်းဓာတ်ပုံအစုံအလင်ဖော်ပြပါရှိသည်။

(သတင်းစဉ်)

အင်ပူမြို့နယ်စာကြည့်တိုက်နှင့် e-Library ဖွင့်ပွဲ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်အားပေး

နေပြည်တော် မတ် ၁၂

အင်ပူမြို့နယ် မြို့နယ်စာကြည့်တိုက်နှင့် e-Library ဖွင့်ပွဲအခမ်းအနားကို မတ် ၉ရက် နံနက်ပိုင်းတွင် ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်အားပေးသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ တာဝန်ရှိသူများက စာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ဝန်ကြီးက အမှာစကားပြောကြားသည်။ ထို့နောက် အဆောက်အအုံ ဆောက်လုပ်ရေးကော်မတီက စာကြည့်တိုက်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကိုလည်းကောင်း၊ အလှူရှင်များက စာအုပ်စာစောင်များကို လည်းကောင်း ဝန်ကြီးထံ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ ဝန်ကြီးနှင့် တာဝန်ရှိသူများက ကမ္ဗည်းမော်ကွန်းကို အမွှေးနံ့သာများ ပက်ဖျန်းပေးကြပြီး စာကြည့်တိုက်အတွင်း စာအုပ်များ စုဆောင်းထားရှိမှု၊ e-Library နှင့် အင်တာနက် တပ်ဆင်အသုံးပြုနိုင်မှုတို့ကို စမ်းသပ်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

တောင်ကြီးမြို့ စက်မှုလက်မှု အထက အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၁၂

တောင်ကြီးမြို့ စက်မှုလက်မှု အထက်တန်းကျောင်းတွင် ၁၉၆၈-၁၉၉၀ ခုနှစ်အတွင်း တက်ရောက်ပညာသင်ကြားခဲ့သော ကျောင်းသားဟောင်းများ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မေ ၂ရက် (တနင်္ဂနွေနေ့)တွင် တောင်ကြီးမြို့ ကုန်းသာကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်း

အငြိမ်းစားဆရာ ဆရာမကြီးများသည် ဆရာ ဦးကျော်ခွန်(တောင်ကြီး) ဖုန်း-၀၈၁-၂၂၉၉၆၊ ဆရာဦးစိန်မောင် (ရန်ကုန်) ဖုန်း-၀၉-၅၁-၆၄၅၇၅၊ ဆရာဦးသောင်းထွန်း(ရန်ကုန်) ဖုန်း-၀၁-၇၂၂၅၇၁တို့သို့ ဆက်သွယ်ပါရန်နှင့် အလှူငွေ ထည့်ဝင်လိုသူများသည် ဦးချစ်ထွန်း(ရန်ကုန်) ဖုန်း-၀၉-၅၀-၁၉၇၇၁၊ ဦးစိုးမြင့်(ရန်ကုန်) ဖုန်း-၀၉-၅၁-၃၁၂၁၉၊ ဦးထွန်းထွန်းမောင် (ရန်ကုန်) ဖုန်း-၀၉-၅၁-၀၆၈၆၈၊ ဦးသိန်းလွင် (ရန်ကုန်) ဖုန်း-၀၉-၂၀-၁၈၀၆၁၊ ဦးလှသိန်း (ရန်ကုန်) ဖုန်း-၀၉-၅၁-၉၂၉၇၅၊ ဒေါ်စန်းစန်းမြင့် ဖုန်း-၀၉-၅၁-၈၈၄၂၈၊ ဦးစိုးညွန့် (တောင်ကြီး) ဖုန်း-၀၈၁-၂၁၆၅၇၊ ဦးခင်မောင်ဝင်း (တောင်ကြီး) ဖုန်း-၀၈၁-၂၁၇၁၅၊ ဦးအောင်မြင့်သိန်း (ပခုက္ကူ) ဖုန်း-၀၉-၂၃-၀၀၅၁၅၊ ဦးအေးဝင်း (မန္တလေး) ဖုန်း-၀၉-၅၂-၁၀၂၃၇နှင့် ဦးညိုမင်းဒင် (ရန်ကုန်) ဖုန်း-၀၁-၂၂၂၆၄၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

နိုင်ငံတကာရှိ လေကြောင်းလိုင်းများ၌ Flight Attendant, Receptionist အဖြစ် ဝင်ရောက်လုပ်ကိုင်နိုင်မည့် သင်တန်းဖွင့်မည်

ရန်ကုန် မတ် ၁၂

နိုင်ငံတကာ လေကြောင်းလိုင်းများတွင် Flight Attendant တစ်ယောက်အဖြစ် ဝင်ရောက် လုပ်ကိုင်လိုသူများနှင့် နိုင်ငံတကာတွင် Receptionist တစ်ယောက်အဖြစ် ဝင်ရောက် လုပ်ကိုင်လိုသူများအတွက် ရည်ရွယ်၍ Receptionist & Flight Attendant သင်တန်းကို မတ်လ တတိယပတ်အတွင်း Star Resources Hospitality Management Academy ၌ ဖွင့်လှစ်မည်ဖြစ်သည်။

သင်ကြားပေးမည်

အပြည်ပြည်ဆိုင်ရာ လေကြောင်းပို့ဆောင်ရေးအဖွဲ့အစည်း အသိအမှတ်ပြုသင်ရိုးညွှန်းတမ်းများ Institute of Hospitality (UK) နှင့် Educational Institute of AH & LA(USA) မှ သတ်မှတ်ထားသော Course Guide Line များအပြင် English Course ကိုပါ နိုင်ငံတကာ အတွေ့အကြုံရှိ ဆရာ ဆရာမများကိုယ်တိုင် တတ်မြောက်ကျွမ်းကျင်အောင် စနစ်တကျ သင်ကြားပေးမည် ဖြစ်သည်။

သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Management Academy တိုက် ၂၆၇ အခန်း ၃၀၂ ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ဖုန်း-၀၁-၅၂၃၆၂၃၊ ၅၂၃၂၀၀၊ ၄၄၁၂၂၅၆နှင့် ၀၉-၅၀-၂၀၃၀၂ တို့သို့ စုံစမ်းဆက်သွယ် စာရင်းပေးနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မီးမလောင်ခင် သတိယှဉ် ကြိုတင် ကာကွယ်ပါ

၂၀၁၀ခုနှစ် ဖေဖော်ဝါရီလအတွင်း မူးယစ်ဆေးဝါး ၂၁၉မှု၊ တရားခံ ၃၁၁ ဦး ဖမ်းဆီးအရေးယူခဲ့

နေပြည်တော် မတ် ၁၂

၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလအတွင်း တာဝန်ရှိသူများသည် မူးယစ်ဆေးဝါးအမှု ၂၁၉မှု ဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်း၄၆ မှု အလေးချိန် ၅၀ ဒသမ ၈၀၅၄ ကီလို၊ ဘိန်းဖြူ ၅၈မှု အလေးချိန် ၁ ဒသမ ၄၃၇၃ ကီလို၊ဘိန်းဆီခဲ ၁၅ မှု အလေးချိန် ၃ ဒသမ ၁၇၂၆ကီလို၊ဆေးခြောက် ၁၃မှု အလေးချိန် ၅ ဒသမ ၀၂၉၀ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၈မှု ၇၇၅၁၆ ပြား၊ ဘိန်းစာမှုန့်ခြောက်မှု အလေးချိန် ၄ ဒသမ ၉၉၈ ကီလို၊ အက်တက်စီဆေးပြား တစ်မှု အပြား၂၀၀၊ အယ်ပရာဇိုလမ် ၁၅ ပြား၊ အက်ဖီဒရင်း အလေးချိန် ၁၁ဒသမ၅ကီလို၊ ကဖင်း တစ်မှု အလေးချိန် ၁၄၅ ဒသမ ၄၀ ကီလို၊ အိုက်(စ်) တစ်မှု အလေးချိန် ၃ ဒသမ ၉၁၉ကီလို၊ ဒိုင်ယာဇီပင် နှစ်မှု ၂၅၅ ပြား၊ ထရာမဒေါ်ဆေးတောင့် တစ်မှု အတောင့် ၃၆၀၊ ဓာတုဆေးရည် နှစ်မှု အလေးချိန် လစ်တာ ၅၂၀၊ ဘိန်းရည် နှစ်မှု အလေးချိန် ၄ ဒသမ ၃၈ လစ်တာ၊ ချောင်းဆိုးပျောက်ဆေးရည် အလေးချိန် ၀ ဒသမ ၀၃ လစ်တာ၊ မော်ဖင်းထိုးဆေး တစ်မှု ခုနစ် ပုလင်း၊ အေတီဗင် အပြား ၆၀ ၊ အခြားအမှု တစ်မှု ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ယင်းကဲ့သို့ အမှုပေါင်း ၂၁၉မှု ဖမ်းဆီးခဲ့ရာတွင် တရားခံ ကျား ၂၄၈ဦးနှင့် တရားခံ မ ၆၃ဦး စုစုပေါင်း ၃၁၁ဦးတို့ကို ဥပဒေအရ အရေးယူခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ဂီတလောက၌ သမိုင်းမှတ်တိုင်များစိုက်ထူခဲ့သည့် ဂန္ထဝင်ဂီတစာဆိုတော်ကြီး ရွှေတိုင်ညွန့် နှစ် (၁၀၀)ပြည့် အထိမ်းအမှတ်ပွဲ

➤ ဂီတအနုပညာမှတ်စု - မိုးမြင့်လင်းလက် ➤ ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း) ➤ စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင်(မြန်မာ့အလင်း)

ရန်ကုန် မတ် ၁၂

မြန်မာ့ဂီတအနုပညာသမိုင်းတွင် ဂီတစာဆိုတော်တို့ အများအပြားထွက်ပေါ်ခဲ့သည်။ ဂန္ထဝင်ဂီတစာဆိုတော်များအနက် ထင်ရှားကျော်ကြားခဲ့သော ဂန္ထဝင်ဂီတစာဆိုတော်ကြီး ရွှေတိုင်ညွန့် နှစ် (၁၀၀) ပြည့်ခဲ့ပေပြီ။

ဂန္ထဝင်ဂီတစာဆိုတော်ကြီး ရွှေတိုင်ညွန့် နှစ် (၁၀၀)ပြည့်အထိမ်းအမှတ်အဖြစ် ဂီတဖျော်ဖြေပွဲကျင်းပမည်ဖြစ်ရာ အကြိုစာနယ်ဇင်း ရှင်းလင်းပွဲကို ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ ဆာကူရာတာဝါအဆောက်အအုံ အထပ် ၂၀၌ မတ် ၁၂ရက် နံနက် ၉နာရီက ကျင်းပခဲ့သည်။

"ဆရာကြီးရဲ့ ကျေးဇူးတွေကို ဂါရဝပြုချင်လို့ပါပဲ"
ဗိုလ်ကလေးတင့်အောင်။

ပူးပေါင်းတင်ဆက်

ဂန္ထဝင်ဂီတစာဆိုတော်ကြီး ရွှေတိုင်ညွန့် နှစ် (၁၀၀)ပြည့်အထိမ်းအမှတ် ဂီတဖျော်ဖြေပွဲကို မြန်မာနိုင်ငံဂီတအစည်းအရုံးနာယက ဗိုလ်ကလေးတင့်အောင်က ဦးစီးပြီး ရွှေတိုင်ညွန့်မိသားစုနှင့် အလင်္ကာဝတ်ရည် စာပေဂီတ အနုပညာလုပ်ငန်းမိသားစုတို့က ပူးပေါင်းတင်ဆက်ကြမည်ဖြစ်သည်။

ဦးစီးကျင်းပ

စာနယ်ဇင်းရှင်းလင်းပွဲတွင် အသက်၈၈နှစ် အရွယ်ရှိပြီဖြစ်သည့် အဘဗိုလ်ကလေးတင့်အောင်က "ဂီတစာဆိုတော်ကြီးတွေကို ဂုဏ်ပြုခြင်းဖြစ်ပါတယ်။ ပညာပေးသွားတဲ့ ဆရာတွေအပေါ် အလေးထားပြီး ကိုယ့်အသိစိတ်ဓာတ်နဲ့ ဂါရဝပြုခြင်းလည်း ဖြစ်ပါတယ်။ ဆရာကြီးရဲ့ ကျေးဇူးတွေကို ပီပီပြင်ပြင်ဖြစ်အောင် ဂါရဝပြုချင်လို့ အခုလိုဦးစီးကျင်းပရခြင်းဖြစ်ပါတယ်"ဟု ပြောပြသွားသည်။

"အဖေ့ရဲ့ ဂီတအနုပညာဟာ ရှင်သန်နေဆဲပါပဲ"
အဆိုတော် ထား။

တင်ပြသင့်

ထို့နောက် အလင်္ကာဝတ်ရည် စာပေဂီတ အနုပညာလုပ်ငန်းမှ ဦးမောင်မောင်အေးကလည်း "ဂန္ထဝင်ဂီတစာဆိုတော်ကြီး ရွှေတိုင်ညွန့် နှစ် (၁၀၀)ပြည့် အထိမ်းအမှတ်အဖြစ် ၂၀၀၉ခုနှစ်က စာအုပ်ဖြန့်ချိခဲ့ပြီးပါပြီ။ ဆရာကြီးရေးသားခဲ့တဲ့ သီချင်းတွေထဲက ပရိသတ်တွေ မှတ်မှတ်ရရဖြစ်စေတဲ့၊ ပရိသတ်တွေကို တင်ပြသင့်တဲ့ သီချင်းအပုဒ် ၃၀ကျော်ကို အနုပညာရှင်ညီအစ်ကိုမောင်နှမတွေနဲ့အတူ တင်ဆက်သွားမှာပါ"ဟု ပြောပြသည်။

ပါဝင်မည်

ရွှေတိုင်ညွန့် နှစ် (၁၀၀) ပြည့် အထိမ်းအမှတ် ဂီတဖျော်ဖြေပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံ၌ မတ် ၂၁ရက်နှင့် ၂၂ရက်တို့တွင် ညနေ ၆နာရီ၌ ကျင်းပသွားမည်ဖြစ်သည်။ မြန်မာ့အသံအဆိုတော်များ၊ စတီရီယိုအဆိုတော်များ၊ ရုပ်ရှင်သရုပ်ဆောင်များ ပါဝင်ဆင်နွှဲကြမည်ဖြစ်ပြီး တေးဂီတအနေဖြင့် အလင်္ကာဝတ်ရည် (မြန်မာမှု) တေးဂီတအဖွဲ့၊ အင်ပါရာ တေးဂီတအဖွဲ့နှင့် သီရိမောင်မောင် ဆိုင်းအဖွဲ့တို့လည်း ပါဝင်မည်ဖြစ်သည်။

ထို့နောက် ဂန္ထဝင်ဂီတစာဆိုတော်ကြီး ရွှေတိုင်ညွန့်၏ သမီးဖြစ်သူ အဆိုတော် ထားကလည်း "အဖေနဲ့ပတ်သက်ပြီး အရင်ကတည်းက နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပြုလုပ်ဖို့ ရည်ရွယ်ခဲ့ပါတယ်။ အခုတော့ လက်တွေ့ အကောင်အထည်ဖော်နိုင်တော့မှာမို့ ဝမ်းသာပီတိ ဖြစ်ရပါတယ်။ အဖေက အသက် ၃၆နှစ်မှာ ဆုံးပါးသွားခဲ့တာ ဆိုပေမယ့် အဖေ့ဂီတပညာဟာ အခုအထိရှိနေဆဲ၊ ရှင်သန်နေဆဲပါပဲ"ဟု မြန်မာ့အလင်းသို့ ပြောပြသည်။

ထူးခြားတဲ့ပွဲဖြစ်

ဂန္ထဝင်ဂီတစာဆိုတော်ကြီး ရွှေတိုင်ညွန့်၏မြေးဖြစ်သူ စတီရီယိုအဆိုတော် ဇော်ဝင်းထွဋ်ကလည်း "အဘိုးဟာ တိုင်းကျိုးပြည်ပြုသီချင်းတွေ၊ ဓာတိမာန်ထက်သန်စေတဲ့ သီချင်းတွေ ရေးသားခဲ့ပါတယ်။ အဘိုးရဲ့မြန်မာမှု၊ မြန်မာ့သံစဉ်တွေနဲ့ မြန်မာ့ဂီတတွေဟာ မြန်မာတွေရဲ့ နှလုံးသားထဲမှာ ဘယ်တော့မှ ပျောက်ကွယ်မှာ မဟုတ်ပါဘူး။ ကျွန်တော်တို့နဲ့အတူ အနုပညာရှင်တွေ ပေါင်းစည်းဆင်နွှဲကြမှာမို့ အဘိုးရဲ့ ဂီတပညာကို ဂါရဝပြုတဲ့၊ ထူးခြားတဲ့ ပွဲဖြစ်မှာပါ"ဟု ပြောကြားသွားသည်။

ဂါရဝပြုအထိမ်းအမှတ်ပွဲ

၂၀၀၉ ခုနှစ် ဒီဇင်ဘာလက ဂီတအနုပညာရှင်ကြီးများဖြစ်သည့် မြို့မငြိမ်း၊ ရွှေပြည်အေးတို့၏ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပွဲများ ကျင်းပခဲ့ကြသည်။ ယခု ဂန္ထဝင်ဂီတစာဆိုတော်ကြီး ရွှေတိုင်ညွန့် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ဂီတဖျော်ဖြေပွဲ ကျင်းပတော့မည်ဖြစ်ရာ မြန်မာ့ဂီတပညာရှင်ကြီးကို ဂါရဝပြု အထိမ်းအမှတ်ပွဲ ဖြစ်သည့်အတွက် ကြည်နူးပီတိဖြစ်ရပါကြောင်း။ ။ **(မြန်မာ့အလင်း)**

"အဘိုးရဲ့ ဂီတပညာကို ဂုဏ်ပြုတဲ့ပွဲပါ"
အဆိုတော် ဇော်ဝင်းထွဋ်။

မီဒီယာ ရှင်းလင်းပွဲ

ရွှေ တိုင် ညွန့် နှစ် (၁၀၀) ပြည့် အထိမ်း အမှတ် ဂီတ ဖျော်ဖြေပွဲ အတွက် မီဒီယာ ရှင်း လင်း ပွဲ ကျင်းပစဉ်။
(မြန်မာ့အလင်း)

ချန်ပီယံလိဂ် ၁၆ သင်းအဆင့် (ဒုတိယအကျော့)အကြို

ဒီတစ်ခါ မော်ရင်ဟိုအတွက် ချယ်လ်ဆီးမှာ ပြုံးပျော်ရွှင်နိုင်ဖို့ ရှိနိုင်ပါ့မလား

ထွန်းထွန်းဦး (လှိုင်) သုံးသပ်ရေးသားသည် စာမျက်နှာဖွဲ့စည်းမှု ➤ လှိုင်လှိုင်သင်း (မြန်မာ့အလင်း)

ရန်ကုန် မတ် ၁၂

လာမယ့် မတ် ၁၇ရက်နဲ့ ၁၈ရက်နံနက်မှာ ကစားမယ့် ချန်ပီယံလိဂ် ၁၆သင်း ရှုံးထွက် ဒုတိယအကျော့မှာတော့ အသင်းတိုင်းဟာ အကြိတ်အနယ်နဲ့ ကစားရမှာပါ။ ပထမနေ့ နှစ်ရက်မှာလည်း ရှစ်သင်းဟာ နောက်တစ်ဆင့်ရောက်ဖို့ အကြိတ်အနယ်နဲ့ ကစားခဲ့ပြီးပါပြီ။ အခုတော့ နောက်ထပ်လေးနေရာစာရဖို့ လက်ကျန် ရှစ်သင်းဟာ ထပ်မံယှဉ်ပြိုင်ရဦးမှာပါ။ အထူးသဖြင့် ဒီပွဲစဉ်မှာက ပရိသတ်ကြိုက်အသင်းတွေ ထိပ်တိုက်လာတွေ့နေကြတာကြောင့် ရွေးချယ်ရာမှာ အကျပ်ရိုက်နေသလိုပါပဲ။ ကစားရတာ အကြိတ်အနယ်ရှိမယ့်ပွဲတွေထဲက ချယ်လ်ဆီးနဲ့ အင်တာမီလန်ပွဲကတော့ ဘာစီလိုနာနဲ့ စတုဂတ်ပွဲထက် ပိုပြီးစိတ်ဝင်စားဖို့ကောင်းပါတယ်။

ပထမအကျော့ ကစားကတည်းက မီဒီယာတွေကြားမှာ ရေပန်းစားနေသလို ပရိသတ်တွေလည်း စဉ်းစားရခက်နေတဲ့ သာဓကရှိခဲ့ပြီး အင်တာက ချယ်လ်ဆီးကို ထပ်နိုင်သွားတဲ့အခါမှာ အခုပွဲအပေါ် အာရုံစိုက်မှုတွေက ပိုလာတယ်။ ပြီးတော့ ပယ်နယ်တီပေးသင့်တာတွေ မပေးခဲ့လို့ အငြင်းပွားစရာတွေရှိသလို နောက်ဆက်တွဲ ကိစ္စတွေထဲမှာ ပီတာချက်ဟာ ဒဏ်ရာကြောင့် အခုပွဲမှာ လွဲမှာမို့ အန်ဆယ်လော့တီ ခေါင်းစားနေပါတယ်။

အသက်ဝင်

မော်ရင်ဟိုကတော့ ပီတာချက် မရှိတဲ့ ချယ်လ်ဆီးကို အနိုင်ရအောင် ကစားဖို့ ရှိပြီးသားပါဆိုတဲ့ လေကြီး လေကျယ်

ချယ်လ်ဆီးအသင်းတိုက်စစ်မှူး အနယ်လ်ကာ အင်တာကို ဂိုးသွင်း အနိုင်ယူပြမှာလား....။

စကားတွေအပြင် နောက်ကောက်ချမှု အောက်မှာ ချယ်လ်ဆီးပြိုလဲရဖို့ ရှိနိုင်တယ်ဆိုတဲ့ အီတလီမီဒီယာတွေရဲ့ ရေးသားမှုဟာ လန်ဒန်မှာ အသက်ဝင်လာနိုင်ပါ့မလား။

စောင့်ကြည့်

ချယ်လ်ဆီးဟာ အိမ်ကွင်းမာတဲ့ အသင်း ဖြစ်တာကြောင့် ပထမအကျော့က ရှုံးထားတဲ့ အရှုံးပွဲကို လက်လွတ်စပယ်ကစားပြီး ရင်ဆိုင်မှာ မဟုတ်ဘူး။ ဒရော့ဂ်ဘာ၊ မာလူဒါ၊ ကာလူးနဲ့ အနယ်လ်ကာတို့လို ကစားသမားတွေ ထုတ်သုံးပြီး ဂိုးရရေးအတွက် လုပ်မှာပါ။ မော်ရင်ဟိုအနေနဲ့ ချယ်လ်ဆီးကိုလာတဲ့ ဒီတစ်ခါဟာ ပျော်ရွှင်မှုတော့ ရနိုင်ပါဦးမလား။ ချယ်လ်ဆီး ပရိသတ်တွေရဲ့ လှောင်ပြောင်မှုနဲ့ပဲအဆုံးသတ်မလားဆိုတာ စောင့်ကြည့်ရတော့မှာပါ။

စိတ်ပျက်ခဲ့ရ

အီတလီကလပ်နဲ့ အင်္ဂလန်ကလပ် အားပြိုင်လို့အပြီးမှာတော့ စပိန်ကလပ်နဲ့ ဂျာမနီကလပ်ရဲ့ ယှဉ်ပြိုင်မှုကလည်း သူ့နည်းသူ့ဟန်နဲ့ စောင့်ကြည့်ရဦးမှာပါ။ ပထမအကျော့မှာ ဘာစီလိုနာဟာ စတုဂတ်ရဲ့ ကွင်းမကောင်းမှုအောက်မှာ အသာကျအောင် ကစားနိုင်စွမ်း နည်းပါးခဲ့တာကြောင့် သရေရဖို့တောင် မနည်း ကစားခဲ့ရပြီး ဘာစီလိုနာပရိသတ်တွေပါ စိတ်ပျက်ခဲ့ရတယ်။

ဒါပေမယ့် မရှုံးခဲ့ဘဲ အဝေးကွင်း တစ်ဂိုးပါ ရခဲ့တော့ သရေရမှုက ကျေနပ်လက်ခံစရာပါ။ အခု နူးကမ့်မှာ ပြန်ကစားရပါပြီ။ လူစုံလည်းပါလာဖို့ ရှိနေတာကြောင့် စတုဂတ်အနေနဲ့ သူတို့ရဲ့ ကစားအားကို အိမ်ကွင်းမှာလို မြင့်တင်ကစားပြီး ဘာစီလိုနာကို အခက်တွေ့စေနိုင်ဖို့ မဖြစ်နိုင်ဘူး။ ဘာစီလိုနာက လက်ရှိ ချန်ပီယံဖြစ်နေတော့ သူတို့ရဲ့သိက္ခာကိုတော့ အထိခိုက်ခံမှာ မဟုတ်ဘူး။ ရှိတဲ့အားကို အကုန်ထုတ်သုံးပြီးမှ ပရိသတ်အကြိုက် အနိုင်ယူမှာပါ။ စတုဂတ်ဂိုးသမား လေးမန်းကလည်း ဂိုးဖမ်းသပ်ရပ်တော့ မက်ဆီတို့ အနေနဲ့ ဂိုးရအောင် ဂရုတစိုက်နဲ့ သွင်းပြရမှာပါ။ သွင်းနိုင်ဖို့လည်းရှိနေပါတယ်။ ပထမအကျော့မှာ စပိန်ကလပ်တွေရဲ့ အခြေအနေမကောင်းမှုကို ဘာစီလိုနာအနေနဲ့ ချေဖျက်ဖို့ ကြိုးစားမယ့်ပွဲလို့ ပြောရပါလိမ့်မယ်။

အစအနပျောက်

ဘာစီလိုနာပြီးတော့ ဆီဗီလာပါ။ ဆီဗီလာဟာ သူတို့ရဲ့ ပထမအကျော့ကရလဒ်ကို ပြောင်းလဲပေးပြီး ကစားဖို့ဟာ သိပ်မခက်ပါဘူး။ တစ်ချက်ရှိတာက စီအက်စ်ကေအေက ကရာဆစ်တို့ကို သတိထားဖို့ပါ။ ပြီးတော့ ဂိုးသွင်းသွားတဲ့ မာ့ခ်ဂွန်ဇာလို ကျပြန်တော့လည်း ပါးနပ်သူတစ်ယောက်ပါ။ ဒီကစားသမားတွေကို ဆီဗီလာအနေနဲ့ အိမ်ကွင်းမှာရအောင် ထိန်းချုပ်နိုင်ဖို့လိုပါတယ်။ ဆီဗီလာဟာ လက်ထဲမှာရှိတဲ့ အခွင့်အရေးကိုတော့ အပါခံမှာမဟုတ်ပါဘူး။ နီဂရတ်ဒိုတို့၊ နာဗက်ဇ်တို့လည်း ဖေဘီယာနိုတို့လို ခြေစွမ်းထက်နေတော့ အိမ်ကွင်းမှာ ကနူတေးတို့နဲ့ ပေါင်းပြီး ဂိုးရဖို့သေချာကစားသွားနိုင်ပါသေးတယ်။ တစ်ခုပဲရှိတယ်၊ အဲဒါကတော့ စီအက်စ်ကေအေကို ဂိုးစပြီးမပေးမိဖို့ပါပဲ။ ဂိုးစပေးမိရင်တော့ ဆီဗီလာရဲ့ အိပ်မက်တွေဟာ အစအနပျောက်သွားဖို့ ရှိနေတယ်လို့ ဆိုရပါလိမ့်မယ်။

ဆီဗီလာအသင်းမှ ကနူတေး၏ ထိုးဖောက် ကစားဟန်က ဤသို့....။

တိုက်စစ်မှူးမက်ဆီ ဘာစီလိုနာ နောက်တစ်ဆင့်တက်ရန် စွမ်းဆောင်ပေးနိုင်မှာလား....။

အားရဖို့မကောင်း

ပြီးတော့ တစ်သင်းပဲကျန်တဲ့ ဂရိကလပ် အိုလံပီယာကော့စ်လည်း ဘော်ဒိုးမြေမှာ အနိုင်ပွဲရအောင် ကစားနိုင်ပါ့မလား။ သူတို့မှာ သွင်းဂိုးကမရှိတော့ ကျန်အသင်းတွေထက် ပိုဆိုးတယ်။ ဘာကြောင့်လဲဆိုရင် အိုလံပီယာကော့စ်ရဲ့ အဝေးကွင်းညစ်အားဟာ ပွဲအစအဆုံး ကောင်းတယ်ပဲထားပါဦး။ အိမ်ရှင်ရဲ့ ထိုးစစ်က မာကျောမှုရှိတော့ တစ်ချိန်ချိန်မှာ ဒုက္ခပေးနိုင်ပါသေးတယ်။ ဒါကြောင့် ဘော်ဒိုးမျက်နှာကြည့်ပြီးမှ အသက်ခိုးရှူခွင့်ရမယ့် အိုလံပီယာကော့စ်ကတော့ အားရဖို့မကောင်းလှဘူးဆိုရမယ်။

၁၇-၃-၂၀၁၀၊ နံနက်၂း၁၅နာရီ

ချယ်လ်ဆီး-အင်တာမီလန်

ချယ်လ်ဆီး ကစားသမားတွေရဲ့ စွမ်းဆောင်ရည်ကို သဘောပေါက်ပြီးဖြစ်တဲ့ အင်တာမီလန်အတွက် အခုပွဲမှာ သေချာဂရုစိုက်ပြီး မာမာထန်ထန်နဲ့ ကစားဦးမှာပါ။ ဒါပေမယ့် အင်တာမီလန်ဟာ အင်္ဂလန်မြေပေါ်မှာတော့ အခွင့်အရေးရမှုနှုန်း နည်းပါးနိုင်တာ အန်ဆယ်လော့တီဟာ မော်ရင်ဟိုသိထားတဲ့ ချယ်လ်ဆီးကစားသမားတွေရဲ့ စွမ်းဆောင်ရည်ကို ပုံစံပြောင်းပြီးတော့ တိုက်စစ်သက်သက်နဲ့ ဂိုးရအောင်လို့ လုပ်ယူမှာပါ။ ဒါကြောင့် အင်တာမီလန် နောက်တန်းအနေနဲ့ အမှားများလို့တော့ မရပါဘူး။ မှားလိုက်တာနဲ့ ဒရော့ဂ်ဘာတို့ရဲ့ ဂိုးသွင်းမှုကို ခံရနိုင်ပါတယ်။ သုံးသပ်မိတာကတော့ အခုပွဲမှာ ချယ်လ်ဆီးဟာ အင်တာကို ပရိသတ်အားနဲ့ အနိုင်ယူပြဖို့ ရှိနေပါတယ်။ ဒါကလည်း ချယ်လ်ဆီးရဲ့ အရှုံးမပေးလိုတဲ့ စိတ်ဓာတ်ကြောင့်လည်း ဖြစ်ပါတယ်။

ဆီဗီလာ-စီအက်စ်ကေအေမော်စကို

ဆီဗီလာအနေနဲ့ အခုပွဲမှာ အဖွင့်ဂိုး စပြီးမပေးရဖို့ ဂရုစိုက် ကစားရမယ့်ပွဲပါ။ ဘာကြောင့်လဲဆိုတော့ ဆီဗီလာ ပြိုင်ဘက်က ခြေစွမ်းထက်မြက်လွန်းလို့ပါပဲ။ ကရာဆစ်ဟာ အယ်လ်ဒိုနင်တို့လို ကစားတာကောင်းတယ်။ အသင်းလိုက် စွမ်းဆောင်ရည်မြင့်တယ်။ ဒါကြောင့် အထနေးတတ်တဲ့ ဆီဗီလာအဖို့ အခုပွဲမှာ အဖွင့်ဂိုး မပေးရဖို့ အသေအချာလေး ဂရုစိုက်ရမှာပါ။ အိမ်ကွင်းအားကိုယူပြီး နောက်တစ်ဆင့် တက်ရေးအတွက် ကြိုးစားရမှာပါ။ ဆီဗီလာအနေနဲ့ ခက်ခက်ခဲခဲ ကစားပြီးမှ နောက်တစ်ဆင့် ရဖို့ သေချာတဲ့ပွဲပါ။ အိမ်ရှင်နိုင်ဖို့အလေးသာပါတယ်။

၁၈-၃-၂၀၁၀၊ နံနက်၂း၁၅နာရီ

ဘာစီလိုနာ-စတုဂတ်

စတုဂတ်ကတော့ ခံကန်နိုင်သမျှ အားထည့်ပြီး ခံကန်မှာပါ။ ဒါကြောင့် ဘာစီလိုနာဟာ စတုဂတ်အပေါ်မှာ လျော့မတွက်သင့်ပါဘူး။ စတုဂတ်ရဲ့ တန်ပြန်တိုက်စစ်တွေရော အမြင့်ဘောကစားပုံ မသေသပ်တဲ့ ဘာစီလိုနာကို အမြင့်ဘောတွေနဲ့ပါ ခြိမ်းခြောက်နိုင်ပါသေးတယ်။ အခုပွဲမှာတော့ ဘာစီလိုနာဟာ ကစားကွက် အသာစီးရအောင် လုပ်ထားနိုင်ဖို့ လိုအပ်ပါတယ်။ အသာစီးရအောင် လုပ်ပြထားနိုင်ပြီဆိုရင် မိမိမြေပေါ်မှာ ဂျာမနီကလပ်ကို ဖြိုလဲဖို့ မခက်တော့ပါဘူး။ အိမ်ကွင်းမာတဲ့ ဘာစီလိုနာဟာ

ဘော်ဒိုးအသင်းမှ ရှေ့တန်းကစားသမား ချာမက်စ်၏ ဘောလုံးထိုးဖောက်ဟန်....။

နောက်ဆုံးမှာ သူတို့အနိုင်ကို စနစ်တကျနဲ့ ဖွဲ့ခြွေယူပြသွားပါလိမ့်မယ်။

ဘော်ဒိုး- အိုလံပီယာကော့စ်

အိုလံပီယာကော့စ် အနေနဲ့ ဖောင်ဖျက် ကစားရဖို့ကိုသာ ရှိတော့မှာပါ။ ဒါပေမယ့် အိုလံပီယာကော့စ်ဟာ အဝေးကွင်းမှာ မထူးဇာတ်ခင်းကစားတာတောင်မှ ခြေစွမ်းအရ ရေရှည်မှာ အသာရမှု နည်းပါးနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဘော်ဒိုးရဲ့ ထိုးစစ်ကလည်း ချာမက်ကို ထည့်ထားပေမယ့် ကျန်တဲ့ ကစားသမားတွေဟာ ပါးနပ်ပြီး ဂိုးသွင်းသပ်ရပ်တာကြောင့် တရစပ် ထိုးစစ်ဆင်မယ့် ဧည့်သည်ရဲ့ အားနည်းချက်ကိုရှာပြီး ပထမ အကျော့ကလိုပဲ ဘော်ဒိုးတို့ အနိုင်ရအောင် ကစားသွားမှာပါ။ ။ **(မြန်မာ့အလင်း)**

သတင်းပဒေသာအတိုအထွာ

မြန်မာ့အလင်း

ရန်ကုန် မတ် ၁၂

ရူပဗေဒ (၁၉၇၂-၁၉၇၇) အာစရိယပူဇော်ပွဲ

ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ရူပဗေဒ (၁၉၇၂-၁၉၇၇) ကျောင်းသားကျောင်းသူဟောင်းများ၏ (၁၀)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ် ၂၈ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် တက္ကသိုလ်များ မြေနှာရှိ၌ ကျင်းပမည်ဖြစ်သည်။

အထက(၂)ကမာရွတ် မြတ်ဆရာပူဇော်ကြမည်

အထက(၂) ကမာရွတ် ကျောင်းသားကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို မတ် ၂၈ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ တာဝန်ထမ်းဆောင်ခဲ့သော အငြိမ်းစား ဆရာ ဆရာမကြီးများ ဖုန်း-၅၃၀၀၀၃၊ ၅၁၃၀၈၇နှင့် ၀၉-၉၉၂၈၅၈၆ တို့သို့ ဆက်သွယ်နိုင်သည်။

မြန်မာအင်ဖိုတက်ခ်၌ ဟောပြောပွဲ ကျင်းပမည်

ဝါဏိဇ္ဇဘွဲ့ရများအသင်း (မြန်မာနိုင်ငံ)မှ ကြီးမှူး၍ စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲကို မတ် ၂၀ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် မြန်မာအင်ဖိုတက်ခ်ခန်းမ၌ ဒေါက်တာအောင်ထွန်းသက် ဟောပြောမည်ဖြစ်ရာ တက်ရောက်လိုသူများ ဖုန်း-၂၉၁၆၇၇သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

မြန်မာနိုင်ငံဓာတ်ပုံအသင်း ဓာတ်ပုံပြပွဲ

(၄၆)နှစ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ နှစ်ပတ်လည်ဓာတ်ပုံပြပွဲကို ဓာတ်ပုံပညာဝါသနာပါသူ၊ လေ့လာလိုသူများအတွက် အများပြည်သူများအား ရန်ကုန်မြို့ ကုန်သည်လမ်း (ကုန်သည်လမ်းနှင့် ၃၈လမ်းထောင့်) အမှတ် ၅၂၁ (မြေညီထပ်) Art Gallery (D-Max)တွင် မတ် ၂၄ရက်မှ ၂၆ရက်အထိ နေ့စဉ် နံနက် ၉နာရီခွဲမှ ညနေ ၅နာရီအထိ ခင်းကျင်းပြသထားမည်ဖြစ်သည်။

အင်္ဂပူအသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

အင်္ဂပူမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၂၀ရက် (စနေနေ့) မွန်းလွဲ ၂နာရီခွဲတွင် ရွှေတိဂုံစေတီ တောင်ဘက်မုခ်ရှိ သစ်လုပ်ငန်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

တောင်ငူအသင်း(ရန်ကုန်) သက်ကြီးပူဇော်မည်

တောင်ငူမြို့နယ်အသင်း (ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို မတ် ၂၈ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြေးသွန်းဘုရားကြီးရှေ့ မင်္ဂလာဈေးဓမ္မာရုံ၌ ကျင်းပမည် ဖြစ်သည်။

ဗန်းမော်အသင်း (ရန်ကုန်) ပညာရည်ချွန်ဆုပေးပွဲ

ဗန်းမော်မြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့်အတူ ပညာရည်ချွန်ဆုပေးပွဲကို မတ် ၂၀ရက် (စနေနေ့) နံနက် ၉နာရီတွင် ရွှေတိဂုံစေတီ တောင်ဘက်မုခ်ရှိ ကျောက်စိမ်းတွင်း ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းသား အသင်းသူများ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

ပုဂံ-ညောင်ဦးမြို့နယ်အသင်းမဂ္ဂဇင်းစာမူ၊ကာတွန်းပေးပို့နိုင်

ပုဂံ-ညောင်ဦးမြို့နယ်အသင်း (ရန်ကုန်) တည်ထောင်ခြင်း နှစ် (၅၀)ပြည့် အထိမ်းအမှတ် ရွှေရတုမဂ္ဂဇင်း ထုတ်ဝေမည်ဖြစ်ရာ ကြော်ငြာထည့်သွင်းလိုသူများ၊ လှူဒါန်းလိုသူများ၊ ဝတ္ထု ၊ ကဗျာ၊ ဆောင်းပါး၊ ကာတွန်း ပေးပို့လိုသူများသည် ဖုန်း-၅၇၇၇၀၂၊ ၅၈၀၄၅၅၊ ၀၉-၅၀၀၈၈၆၄၊ ၅၄၅၃၂၃၊ ၆၄၃၈၂၆နှင့် ၅၅၆၄၇၂တို့သို့ ဇွန် ၃၀ရက် နောက်ဆုံးထား၍ ဆက်သွယ်နိုင်သည်။

ကော့ကရိတ်မြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ကော့ကရိတ်မြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန် ဆုပေးပွဲကို မတ် ၂၈ရက် (တနင်္ဂနွေနေ့)တွင် အမှတ် ၂၂၃ တော်ဝင်နှင်းဆီစားသောက်ဆိုင် ရွှေဂုံတိုင်လမ်း ဗဟန်းမြို့နယ်၌ ကျင်းပမည်ဖြစ်သည်။ ။ *(မြန်မာ့အလင်း)*

စုစည်းရေးသားသူ-ဝင်းကျော်

ပြည်ထောင်စုဖွား သွေးချင်းများ တားဆီးကာကွယ် မီးရန်စွယ်

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၃-၃-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇း၄၅ ၇။ **မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ မြဝတီအဖွင့်
၁၁း၀၅ ၂။ အဖွင့်သီချင်း
၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁း၂၅ ၄။ ကာတွန်းအစီအစဉ် **လပြည့်ညရဲ့ စိန်ခေါ်သံ** (အပိုင်း-၃၁)
၁၂း၀၀ ၅။ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် **မေတ္တာလွန်ပွဲ** ဟိန်းဝေယံ၊ ချစ်စနိုးဦး၊ ရန်အောင်၊ မြတ်ကေသီအောင် (ဒါရိုက်တာ-မင်းညီ)
၁၃း၃၀ ၆။ ကျန်းမာသုတ
၁၄း၀၀ ၇။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ ချစ်ရိပ်** (အပိုင်း-၁၆)

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ချစ်သူစုံတွဲ တူယှဉ်နွဲ
၄း၂၀ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄း၃၀ ၅။ မျိုးချစ်တပ်မတော်
၄း၄၅ ၆။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅း၀၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၄၀ ၈။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၁။ လျှပ်တစ်ပြက်
၆း၃၀ ၁၂။ **စားဖိုဆောင်ချစ်သူ**
၆း၄၅ ၁၃။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်သူ့မေတ္တာ** (အပိုင်း-၃၀)
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ နိုင်ငံတကာသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ အင်္ဂလိပ်စာသုတ
၂၀။ လူရွှင်တော်စတား
၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့ သူ့ရဲကောင်း** (အပိုင်း-၂၉)
၂၃။ **နှစ်ခေတ်ပြိုင်ချစ်သူ** (အပိုင်း-၉)

မြိုင် ကျေးလက်တောင်သူတို့ စီးပွားတိုးတက်စေမည့် ကြံစိမ့်ကြီးနှင့် ယင်းတိုင်းတောင်ဆည်

သတင်းခရီးသည်-ကျော်စိန် ဓာတ်ပုံမှတ်တမ်း-အောင်သန်း(မင်္ဂလာတောင်ညွန့်) စာမျက်နှာဖွဲ့စည်းမှု-တိုးလွင်(မြန်မာ့အလင်း)

ရန်ကုန် မတ် ၁၂

ပခုက္ကူမြို့မှ မြိုင်မြို့သွား ကတ္တရာလမ်းအတိုင်း ဂျစ်ကားငယ်လေးက တရိပ်ရိပ်ပြေးလွှားနေသည်။ ရန်ကုန်မှ ပခုက္ကူသို့ နေ့ဝက်နှင့်တစ်ည ကားဖြင့် ခရီးနှင်ခဲ့ရသော်လည်း မြန်မာ့အလင်း သတင်းအဖွဲ့ ခရီးဆက်ခဲ့ကြသည်။ ဟိုးယခင်က ဒေသခံကျေးရွာသူ ကျေးရွာသားများ ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့ကြသော ရေလှောင်ကန် ဆည်ငယ်များကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနက ပြန်လည်ပြုပြင်တည်ဆောက်ကာ စပါးတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်နေသည်ဆိုသော မင်္ဂလာသတင်းမြင်ကွင်းကို မျက်မြင်ကိုယ်တွေ့ လေ့လာရန်ပင် ဖြစ်ပေသည်။

ကိုယ့်အားကိုယ်ကိုး

ပခုက္ကူ-မြိုင်သွား ကတ္တရာကားလမ်းအတိုင်း ၁၄မိုင်ခန့်သွားပြီး မြေသားလမ်း ရှစ်မိုင်ဝင်ရောက်လျှင် မကွေးတိုင်း ပခုက္ကူခရိုင် မြိုင်မြို့နယ်အပိုင် ကြံစိမ့်ကြီးကျေးရွာရှိ ကြံစိမ့်ကြီးဆည်ငယ်သို့ ရောက်ရှိသည်။ အဆိုပါဆည်သည် လွန်ခဲ့သော ၂၃နှစ်ကျော်ကတည်းက ဒေသခံ ကျေးရွာသူ ကျေးရွာသားများက ကိုယ့်အားကိုယ်ကိုး တူးဖော် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ရှင်မတောင် သနပ်ခါးထွက်ရှိရာ ရှင်မတောင်၏ အနောက်ဘက် တောင်ကျချောင်းများမှ မိုးရာသီတွင် စီးဆင်းလာသော တောင်ကျရေများကို ချောင်းရိုးပိတ်ကာ အလျားပေ ၉၀၀၊ အမြင့်ပေ ၆၀၊ ထိပ်ဝအကျယ် ၁၀ပေဖြင့် တည်ဆောက်ထားသော ကျေးလက်ဆည် ဖြစ်သည်။

သတင်းအဖွဲ့နှင့်အတူ လိုက်ပါလာသော ပခုက္ကူမြို့ ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံး(မြို့ပြ)မှ ဒုတိယ ဦးစီးမှူး ဦးဌေးဝင်းက "ဒီဒေသဟာ နှစ်စဉ်မိုးရေချိန် ၂၆လက်မခန့်သာ ရွာသွန်းလေ့ရှိလို့ စိုက်ပျိုးရေရရှိဖို့ အခက်အခဲရှိခဲ့တဲ့ ဒေသဖြစ်ပါတယ်။ မိုးရာသီမှာ ရှင်မတောင်က ကျလာတဲ့ တောင်ကျရေကိုသိုလှောင်ဖို့ ဒေသခံ ရွာသူရွာသားတွေဟာ သူတို့နည်း သူတို့ဟန်နဲ့ ဆည်ငယ်လေးသဖွယ် တူးဖော် တည်ဆောက်ခဲ့ကြတာပါ၊ ကြံစိမ့်ကြီး၊ ကြံစိမ့်လေးကျေးရွာ နှစ်ရွာက လယ်ဧက ၆၀ အတွက် ရေစုပ်စက်နဲ့တင်ပြီး မိုးစပါးစိုက်ပျိုးရေးနှင့် ကျေးရွာလူထု သောက်သုံးရေအတွက်ပါ ရည်ရွယ်ပြီး တည်ဆောက်ခဲ့ကြတာ ဖြစ်ပါတယ်။ ဒါပေမယ့်လည်း နည်းပညာလိုအပ်ချက်ကြောင့် ရှင်မတောင်က စီးဆင်းလာတဲ့ရေတွေကိုတည်ဆောက်ထားတဲ့ ရေပိုလွှဲက ထိန်းထားနိုင်ခြင်းမရှိတဲ့အပြင် ရေထုတ်ယူအသုံးပြုဖို့ ရေတံခါးတို့၊ ရေသွယ်မြောင်းတို့လည်း မရှိခဲ့ပါဘူး"ဟု ရှင်းပြသည်။



"မိုးစပါး ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်စေဖို့အတွက် ကျေးလက်ဆည် နှစ်ခုကို ပြုပြင်တည်ဆောက်ပေးတာ ဖြစ်ပါတယ်"

ဦးဌေးဝင်း (ဒုတိယဦးစီးမှူး)
ဆည်မြောင်းဦးစီးဌာန။

လမ်းညွှန်ချက်

နိုင်ငံတော်အကြီးအကဲ၏ မိုးနည်းရေရှားဒေသတွင် စိုက်ပျိုးရေ ရရှိရေး နည်းလမ်းပေါင်းစုံဖြင့် ကြံဆဆောင်ရွက်ပေးရန် လမ်းညွှန်ချက်အရ ဆည်မြောင်းဦးစီးဌာနက ဆည်ငယ်များကို ပြန်လည်ပြုပြင်ထိန်းသိမ်း တည်ဆောက်ပေးမှုနှင့် ပတ်သက်၍ ဆက်လက်ရှင်းပြရာ၌ "အခု ဒီကြံစိမ့်ကြီးဆည်ကို ၂၀၀၉ခုနှစ်ကစပြီး ရေပိုလွှဲကိုလည်း အရင်မြေသားရေပိုလွှဲကနေ ကျောက်စီပန်းရန် အမျိုးအစား အကျယ်ပေ ၄၀၊ အလျားပေ ၄၀နဲ့ အမြင့်ကိုလည်း နှစ်ပေ ထပ်မြှင့် တည်ဆောက်ပေးထားပါတယ်။ ရေထုတ်ယူဖို့ ရေထိန်းတံခါး မရှိတာကိုလည်း အခု ရေထိန်းတံခါး တပ်ဆင်ပေးထားပါတယ်။ အရင်က ဆည်ရေကို လယ်ကွင်းတွေထဲ ရေစုပ်စက်နဲ့သယ်တင်ပြီး သုံးစွဲရာကနေ အခုဆို ဆည်မြောင်းဦးစီးဌာနက စက်ယန္တရားတွေနဲ့ ရေသွယ်မြောင်းတွေ တူးပေးနေပါပြီ။ ဒါကြောင့် မိုးစပါးကို ဧက ၆၀သာ စိုက်ပျိုးနိုင်တဲ့ အနေအထားက ၁၂၅ ဧကအထိ တိုးချဲ့စိုက်ပျိုးနိုင်တော့မှာ ဖြစ်ပါတယ်။ ကြံစိမ့်ကြီးဆည်ရဲ့ အောက်ဘက်ပေ ၃၀၀၀ခန့်အကွာမှာ စပါးစိုက်ပျိုးနိုင်တဲ့ မြေပြန့်လွင်ပြင် ဧက ၁၀၀လောက် ရှိပါတယ်။ ရေပေးတူးမြောင်းတူးပြီး ရေဆက်ပေးရင် စီးဝင်လာတဲ့ တောင်ကျရေကို အလေအလွင့်နည်းပါးအောင်ထိန်းပြီး မိုးစပါး ပိုမိုတိုးချဲ့စိုက်ပျိုးလာနိုင်တော့မှာပါ။ ဒီလုပ်ငန်းအားလုံးကို ၂၀၁၀ခုနှစ်အတွင်း အပြီးဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

ပြန်လည်တည်ဆောက်

ကြံစိမ့်ကြီးကျေးရွာဥက္ကဋ္ဌ ဦးကြည်လင်က "ဒီဒေသ မြေတွေက မြေစေးဖြစ်လို့ စပါးပဲ စိုက်လို့ကောင်းတယ်။ စပါးအတွက် အောင်ရေအခက်တွေ့ရင် ပြောင်း၊ ကုလားပဲ၊ နေကြာတို့ ပြောင်းစိုက်ရတယ်၊ သက်ကြီးပဲလည်း မရဘူး၊ ပဲစင်းငုံ၊ ပဲတီစိမ်းတို့လည်း စိုက်လို့မရဘူး။ စပါးကိုလည်း စိုက်ပျိုးရေးဌာနက မျိုးဖြန့်ခိုင်းတဲ့ သီးထပ်ရင်တို့ ရွှေမြန်မာတို့ စိုက်ကြတယ်။ ရွှေမြန်မာက အထွက်နှုန်းကောင်းတယ်၊ ချက်

"ရေသွယ်မြောင်းတွေ တူးဖော်ပေးတော့ ပိုက်ဆံအပိုမကုန်တော့လို့ အရမ်းကျေးဇူးတင်ပါတယ်"

ဦးအုံးလေ (တောင်သူ)
ကြံစိမ့်ကြီးကျေးရွာ။

လို့လည်း ကောင်းတယ်၊ စာရင်းလည်း နုတယ်။ ဆန်ကြမ်းထဲမှာတော့ အကောင်းစားပေါ့။ ရွာသုံးရွာအုပ်စုမှာ လူဦးရေ ၉၇၆ဦးရှိတယ်။ ဆန်ဖူလုံရေးကို ကျေးရွာကပဲ တာဝန်ယူထားလို့ ဆန်အခက်အခဲ မရှိပါဘူး။ အခုလို ဆည်မြောင်းက စပါးပိုစိုက်နိုင်အောင် ဆည်ဟောင်းကို ပြန်လည်ပြုပြင်တည်ဆောက်ပေးလို့ ရွာသုံးရွာစလုံးက အတိုင်းထက်အလွန် ကျေးဇူးတင်ဝမ်းမြောက်နေကြပါတယ်"ဟု ဝမ်းပန်းတသာ ပြောပြသည်။

ဝမ်းမြောက်စကား

ကြံစိမ့်ကြီးကျေးရွာ တောင်သူ ဦးအုံးလေက "ကျုပ်က လယ်နှစ်ဧကခွဲ စိုက်တယ်။ အရင်က ရေကို ရေစုပ်စက်နဲ့စုပ်ပြီး ပိုက်နဲ့သွယ်တင်ရတယ်။ ပိုက်ဆံ ပိုကုန်တာပေါ့။ အခု ဆည်မြောင်းက ရေသွယ်မြောင်းတူးပေးတော့ ပိုက်ဆံ အပိုမကုန်တော့လို့ အလွန်ကျေးဇူးတင်ပါတယ်"ဟု ရင်တွင်စကား ဆိုသည်။ ကြံစိမ့်ကြီးကျေးရွာ အမက(၇၂)မှ ကျောင်းဆရာမ ဒေါ်သန်းနွဲ့က "ကျွန်မက ဒီဇာတိပါ၊ ဒီမှာက ရေရှားတော့ စိုက်ပျိုးရေတင်မကဘူး သောက်သုံးရေပါ အခက်တွေ့ပါတယ်၊ အခုလို ဆည်ကို ပြုပြင်ပေးလို့ ရေပိုပြီးလှောင်နိုင်ရင် ရေအတွက် မပူပင်ရတော့လို့ ဝမ်းသာရပါတယ်"ဟု ဝမ်းမြောက်စကား ပြောဆိုသည်။

ကြံစိမ့်ကြီးဆည် ရေသိုလှောင်ထားမှု၊ ရေတံခါး ပြုပြင်တပ်ဆင်ထားမှု၊ အသစ်တည်ဆောက်ထားသော ကျောက်စီပန်းရန် ရေပိုလွှဲနှင့် ရေပေးတူးမြောင်းများ တူးဖော်ထားမှုကို လှည့်လည်ကြည့်ရှုလေ့လာပြီးနောက် မြိုင်လမ်းဆုံမှ ၂၈မိုင်သွားရကာ မြေသားလမ်း နှစ်မိုင်ခန့် ဝင်ရောက်လျှင် ရောက်ရှိသည့် မြိုင်မြို့နယ်အပိုင် အင်းရောင်းကျေးရွာအနီး ယင်းတိုင်းတောင် ကျေးလက်ဆည်ငယ်ကို ဝင်ရောက်လေ့လာခဲ့ကြပြန်သည်။

စုဆောင်းသိုလှောင်

ဆည်မြောင်းဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဌေးဝင်းက "ယင်းတိုင်းတောင် ကျေးလက်ဆည်သည် မြိုင်-ဗဟင်းလမ်း အထက်ပိုင်းနှင့် မြိုင်တောင်ပတ်ဝန်းကျင်မှ စီးဆင်းလာသော မိုးတွင်းတောင်ကျရေများကို စုဆောင်းသိုလှောင်ရန်၊ယင်းတိုင်း တောင်ရိုးကိုပိတ်၍ ၁၉၉၈-၁၉၉၉ခုနှစ်တွင် ဒေသခံကျေးလက်ပြည်သူများနှင့် ဆည်မြောင်းဦးစီးဌာနတို့ ပူးပေါင်းတည်ဆောက်ခဲ့ကြသော မြေသားတမံ ဆည်ငယ်တစ်ခုဖြစ်ကြောင်း။

အင်းရောင်းကျေးရွာ၊ စူလီပန်းကျေးရွာ၊ ကန်ကြီးတော-၁ ကျေးရွာနှင့် ကန်ကြီးတော-၂ ကျေးရွာလေးရွာတို့မှ လယ်မြေဧက ၃၀၀ကျော်အနက် လယ်ဧက ၅၀ခန့်သာ အောင်ရေပေးနိုင်ခဲ့ကြောင်း၊ ယခုအခါ ဆည်မြောင်းဦးစီးဌာနမှ ယခင်တည်ဆောက်ထားသော မြေသားရေပိုလွှဲအစား ၂၅ ပေ အကျယ် ကျောက်စီကွန်ကရစ်အမျိုးအစား ရေပိုလွှဲကို ၁၅ပေ ထပ်မြှင့် တည်ဆောက်ပေးခြင်း၊ နှစ်ပေပတ်လည် ရေတံခါးအသစ် ပြန်လည်တည်ဆောက်ပေးခြင်း၊ ရေပေးတူးမြောင်းဟောင်းကို ပြန်လည်တူးဖော်ပေးခြင်းနှင့် မြေသားတမံ အလျား ၇၅ပေကို ၁၁၅၀ပေအထိ၊ အမြင့်၁၇ပေကို ၃၂ပေအထိ၊ ထိပ်ဝအကျယ် ၁၀ပေကို ၁၂ ပေအထိ တိုးမြှင့်ချဲ့ထွင် တည်ဆောက်ပေးထားပါကြောင်း၊ ယင်းအတွက် ရေပိုမိုသိုလှောင်နိုင်လာပြီး လယ်ဧက ၅၀ခန့်သာ ရေပေးဝေနိုင်ခဲ့ရာမှ ဧက၂၀၀အထိ မိုးစပါး အောင်ရေ ပေးဝေနိုင်တော့မည်ဖြစ်ကာ မွင့်လင်းရာသီအတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း" ရှင်းပြသည်။

တိုးချဲ့စိုက်မည်

အင်းရောင်းကျေးရွာဥက္ကဋ္ဌ ဦးဆန်းထွန်းနှင့် အဖွဲ့ဝင် ဦးကျောက်ခဲတို့က "ယင်းတိုင်းတောင်ဆည်ကို တိုးချဲ့ပြုပြင်တည်ဆောက်ပြီးစီးသွားပါက ယခုမိုးရာသီတွင် အင်းရောင်းကျေးရွာ၌ မိုးစပါးဧက ၂၀ တိုးချဲ့စိုက်ပျိုးသွားမည် ဖြစ်ပါကြောင်း၊ ကြောင်ကန်ကျေးရွာတွင် မြိုင်ချောင်းရေဖြင့် နွေစပါး ၆၇ဧက စိုက်ပျိုးနိုင်သလို အင်းရောင်းကျေးရွာတွင်လည်း စိုက်ပျိုးသွားမှာဖြစ်ကြောင်း၊ ဆည်မြောင်းဦးစီးဌာနက ဒေသအခက်အခဲကို ဆောင်ရွက်ပေးသဖြင့် နိုင်ငံတော်ကို ကျေးဇူးတင်ပါကြောင်း"ဖြင့် ပြောကြားသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်၍ စိုက်ပျိုးရေးအတွက် ရေရရှိရေးကို နိုင်ငံတော်အစိုးရက ရေရှားပါးဒေသများတွင် နည်းလမ်းပေါင်းစုံဖြင့် ရှာဖွေကြံဆ ဖော်ထုတ်လျက်ရှိသည်။ ဆည်မြောင်းဦးစီးဌာနအနေဖြင့် သဘာဝမိုးရေကို သိုလှောင်ထားနိုင်ရန် ရေလှောင်တမံအကြီးစား၊ အလတ်စား၊ အငယ်စားများကို မြန်မာနိုင်ငံအနှံ့အပြား တည်ဆောက်ပေးခြင်းသာမက တည်ဆောက်ထားပြီးသော ကျေးလက်ဆည်ငယ်များကိုလည်း ပြုပြင်ချဲ့ထွင် တည်ဆောက်ပေးလျက်ရှိပေသည်။

မကွေးတိုင်း ပခုက္ကူခရိုင် မြိုင်မြို့နယ် အတွင်းရှိ ကြံစိမ့်ကြီးနှင့် ယင်းတိုင်းတောင် ကျေးလက်ဆည်ငယ် နှစ်ခုကို ပြန်လည်ပြုပြင်တိုးချဲ့၍ စပါး ပိုမိုတိုးချဲ့စိုက်ပျိုးရေးကို ဒေသအာဏာပိုင်များ၊ ကျေးလက်ပြည်သူများနှင့် လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်မှုအားဖြင့် ရေရှားပါးဒေသ ကျေးလက်ပြည်သူတို့ ဝမ်းစာဖူလုံခြင်း၊ သောက်သုံးရေ လုံလောက်စွာရရှိနိုင်ခြင်းနှင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးကိုပါ အထောက်အကူပြုလျက်ရှိပါကြောင်း ကွင်းဆင်းခရီးလေ့လာ တင်ပြလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

ရေစုပ်စက် ရေပိုက်တို့ဖြင့်စုပ်ယူသွယ်တန်းစရာမလိုဘဲ လယ်မြေများအရောက် စိုက်ပျိုးရေပေးဝေနိုင်ရန် ကြံစိမ့်ကြီးဆည် ရေသွယ်မြောင်းတူးဖော်ထားရှိမှုကိုလည်း ဤသို့ တွေ့ခဲ့ရသည်။ ဓာတ်ပုံမှတ်တမ်း-အောင်သန်း(မင်္ဂလာတောင်ညွန့်)

"ရေပိုပြီးလှောင်နိုင်ရင် ရေအတွက် မပူပင်ရတော့လို့ ဝမ်းသာရပါတယ်"

ဒေါ်သန်းနွဲ့ (ကျောင်းဆရာမ)
အမက(၇၂)။

ယခင်မြေသား ရေပိုလွှဲအစား ခိုင်ခံ့သော ကျောက်စီပန်းရန်အမျိုးအစား အကျယ်ပေ ၄၀ ရှိ ကြံစိမ့်ကြီးဆည် ရေပိုလွှဲကိုလည်း တည်ဆောက်ထားသည်။
ဓာတ်ပုံမှတ်တမ်း-အောင်သန်း(မင်္ဂလာတောင်ညွန့်)

မကွေးတိုင်း ပခုက္ကူခရိုင် မြိုင်မြို့နယ် ကြံစိမ့်ကြီးကျေးလက်ဆည်မှ လယ်မြေ ၁၂၅ဧက မိုးစပါးစိုက်ပျိုးနိုင်ရန် ရေသိုလှောင်ထားမှုကို ရှင်မတောင်နောက်ခံဖြင့် ပန်းရလျက် ဤသို့တွေ့ရသည်။
ဓာတ်ပုံမှတ်တမ်း-အောင်သန်း (မင်္ဂလာတောင်ညွန့်)

မြေကွက်ငှားရန်ရှိသည်

နေပြည်တော် ရာဇဌာနီလမ်းမကြီးပေါ်ရှိ ပေ(၆၀×၈၀) မြေကွက်။ ဆိုင်ဖွင့်ရန်ကောင်း။ ပါဝါမီတာ၊ ရေ၊ မီး၊ ဖုန်းပါ။

ဆက်သွယ်ရန်ဖုန်း-၀၉-၅၂-၀၀၂၁၄ (ပွဲစားမလိုပါ)။

သားအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်မ၏သား နိုင်ငံသားစိစစ်ရေးကတ်အမှတ် ၁၂/သလန(နိုင်) ၀၁၁၆၇၁ ကိုင်ဆောင်သူ မောင်တင်အောင်ကျော်ဦးသည် မိခင်၏ဆိုဆုံးမမှုကို မနာခံပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှစွန့်လွှတ်လိုက်သည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

မိခင်-ဒေါ်စိန်စိန် ၁၂/သလန(နိုင်)၀၁၉၉၉၆။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်မောင်ဇော်မြင့်ဦး C.D.C 47881 ၏ T-0614/00 လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။

ဖုန်း-၆၃၆၁၇၃။

မီး

အစဉ်သတိပြု

ကျေးဇူးဆပ်ပါမည်

အဖ ဦးဟရမ်းကျဲမ်၏ သမီးများ ဖြစ်သော SUI PAR ၏ နိုင်ငံကူး လက်မှတ် ၇၀၆၄၀နှင့် MA THIDA SUI CHIN PAR ၏ နိုင်ငံကူး လက်မှတ် ၇၀၆၃၉တို့မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါကအကြောင်း ကြားပေးပါရန်။

ဖုန်း-၆၆၃၇၉၄၊ ၀၉-၅၁-၇၆၇၂၁။

စေ့စပ်ကြောင်းလမ်းဖျက်သိမ်းခြင်း

မောင်ကျော်စွာထွန်း ၉/မထလ(နိုင်) ၂၄၁၇၂၃နှင့် ကျွန်မ မကေဇင်ဦး ၁၃/ကတန(နိုင်)၀၈၈၆၀၇တို့၏ စေ့စပ်ကြောင်းလမ်းခြင်းကို သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် ၉-၃-၂၀၁၀ရက်မှစ၍ ဖျက်သိမ်းလိုက်ပါကြောင်း။

မကေဇင်ဦး

၁၃/ကတန(နိုင်)၀၈၈၆၀၇။

တန့်ယန်းမြို့နယ် လုံမုံကျေးရွာ ပညာ့အလင်းစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

တန့်ယန်း မတ် ၁၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် တန့်ယန်းမြို့နယ် လုံမုံ ကျေးရွာ ပညာ့အလင်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၅ရက် နံနက်၁၀နာရီက လုံမုံကျေးရွာ စာကြည့်တိုက်အဆောက်အအုံသစ် ရှေ့၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အဆိုပါစာကြည့်တိုက်အဆောက် အအုံသစ်ကို လားရှိုးခရိုင် ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးဝင်းရှိန်၊ တန့်ယန်း မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးညီညီလတ်၊ လုံမုံကျေးရွာအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုင်းခမ်းပန်တို့က ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးကြသည်။ (ဓာတ်ပုံ)

ကျင်းပ

အခမ်းအနားတွင် တန့်ယန်း မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးညီညီလတ်က အဖွင့်အမှာစကား ပြောကြားပြီး လားရှိုးခရိုင် ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းရှိန်က စံ(၅)ချက် နှင့်ညီညွတ်သော ကျေးရွာစာကြည့် တိုက်များအကြောင်း ရှင်းလင်းဟော ပြောသည်။ လုံမုံကျေးရွာ စာကြည့် တိုက်သို့ အလှူရှင်များက ငွေကျပ် တစ်သိန်းငါးသောင်းနှင့် စာအုပ် စာစောင်အုပ် ၇၀၀ လှူဒါန်းကြရာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းခမ်း ပန်ကလက်ခံယူပြီးကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ လုံမုံ ကျေးရွာ စာကြည့်တိုက် အဆောက် အအုံသစ် တန်ဖိုးမှာ ငွေကျပ် ၁၆သိန်း ကုန်ကျခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဂုန်လျှော်နှင့် လျှော်မျှင်များ စီမံကိန်းတာဝန်ပေးအပ်ပွဲ

မိုးညိုမြို့တွင်ကျင်းပ

မိုးညို မတ် ၁၂

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် မိုးညိုမြို့နယ်တွင် ၂၀၁၀-၂၀၁၁ ခုနှစ် ဂုန်လျှော်နှင့် လျှော်မျှင်များ စိုက်ပျိုးရန် စီမံကိန်းတာဝန်ပေးအပ်ပွဲကို မတ် ၄ ရက် နံနက် ၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဝေမောင်က အမှာစကားပြောကြားပြီး ကျေးရွာအုပ်စုဥက္ကဋ္ဌများအား စီမံကိန်းတာဝန် ပေးအပ်လွှာပေးအပ်သည်။ ဆက်လက်၍ ဂုန်လျှော်နှင့် လျှော်မျှင်များလုပ်ငန်း ခရိုင်မန်နေဂျာ ဦးနီလင်း(အပေါ်ပုံ)က စီမံကိန်းတာဝန်ယူဆောင်ရွက်မည့် ကျေးရွာများတွင် စိုက်ပျိုးရေရှိရေး စက်ရေတွင်းတူးဖော်ရန် ချေးငွေကျပ် ၆၄သိန်းကို အကျိုးဆောင်တောင်သူများအား ထောက်ပံ့သည်။ အဆိုပါ အခမ်းအနားသို့ တိုင်းလုပ်ငန်းစုမန်နေဂျာ ဦးဇော်ဝင်း၊ ခရိုင်မြေစာရင်းဦးစီးမှူး ဦးစောဝင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးဝေမောင်၊ မြို့နယ်မန်နေဂျာ ဦးမျိုးကြည်၊ ကျေးရွာ အုပ်စုဥက္ကဋ္ဌများနှင့် အကျိုးဆောင်တောင်သူများ တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

အိုင်အိုဒင်းပါဝင်မှု

မြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ၌ အိုင်အိုဒင်းပါဝင်သော အိမ်သုံးဆားရာနှုန်းပြည့် ရောင်းချစေရေးအတွက် ကျန်းမာရေးရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် ဈေးအတွင်း ရောင်းချနေသော အိမ်သုံးဆားတွင် အိုင်အိုဒင်းပါဝင်မှုကို ဒုတိယဦးစီးမှူး (ဈေး) ဦးကျော်မင်းမင်းထွန်း ဦးဆောင်သော အဖွဲ့ဝင်ထမ်းများက စမ်းသပ်စစ်ဆေး ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်လျက်ရှိသော ခရိုင်ချင်းဆက် လမ်းအမှတ် (၂) ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဖေဖော်ဝါရီ ၁၀ရက်က မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမင်းအောင်မြင့်စိုးတို့ ကြည့်ရှုစစ်ဆေးမှာကြားစဉ်။

(မြို့နယ်စည်ပင်)



ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးသော နောင်မိန်း-နောင်ဖာ ကျေးလက်ကျောက်ချောလမ်းကို ရှမ်းပြည်နယ်(မြောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်းစစ်ဆေးရာ တန့်ယန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မောင်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မင်းထွန်းတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောပွဲနှင့် မီးငြိမ်းသတ်ရေး သရုပ်ပြပွဲကို ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) ဈေး၌ မတ် ၉ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးငွေကျော်၊ မြို့နယ်မီးသတ် ဦးစီးမှူး ဦးထိန်လင်း၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးအောင်ကို၊ ဈေးများရုံးဌာနစုမှူး ဒေါ်ချိုချိုဝင်းနှင့် ဈေးတာဝန်ခံ ဦးငွေတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်မီးသတ်)

13-3 (13).pmd 1 3/13/2010, 2:38 AM

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ-
  ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

သန့်(၄)သန့်လုပ်ငန်းကို လူတိုင်းသိရှိသဘောပေါက်ပြီး လိုက်နာဆောင်ရွက်
ပြည်သူလူထုအား စည်းရုံးလှုံ့ဆော်ဆောင်ရွက်မှုများ ယခုထက် ပိုမိုမြှင့်တင်

ကုလသမဂ္ဂ၏ ထောင်စုနှစ်ရည်မှန်းချက်များမတိုင်မီ ပြည့်ဆည်းဆောင်ရွက်ရန်
အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်(၂၀၁၀) ကျင်းပ

နေပြည်တော် မတ် ၁၂

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်(၂၀၁၀) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဥ္စကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

စာမျက်နှာ ၆ ကော်လံ ၁ ✳

ကြည့်ရှုလေ့လာ

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ခန်းမအတွင်းပြသထားသည့် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ် (၂၀၁၀) အထိမ်းအမှတ်ပြခန်းငယ်တွင် ကြည့်ရှုလေ့လာကြစဉ်။
(သတင်းစဉ်)

မြန်မာ့အလင်း ကမ္ဘာတစ်လွှား ထူးခြားဆန်းပြား

ကောင်းမြတ်သူ - ရှာဖွေတင်ပြသည်

ဝယ်လင်တန် မတ် ၁၂

ဝိညာဉ်များ ဖမ်းယူ ထည့်သွင်းထားသော ပုလင်းငယ်နှစ်လုံးကို နယူးဇီလန်နိုင်ငံ၌ အွန်လိုင်းမှတစ်ဆင့် လေလံတင်ရောင်းချခဲ့ရာ အမေရိကန်ဒေါ်လာ ၁၃၅၉ ဒေါ်လာဖြင့် ရောင်းချရကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် မတ် ၁၀ရက်က ဖော်ပြသည်။



အဆိုပါ ဝိညာဉ်များပါသော ပုလင်းနှစ်လုံးကို ဝက်ဘ်ဆိုက်မှတစ်ဆင့် လေလံတင်ရောင်းချခဲ့ရာ ၎င်းဝက်ဘ်ဆိုက်ကို ကြည့်သူပေါင်း ၂၀၀၀၀၀ ကျော်ရှိခဲ့သည်ဟု ဆိုသည်။ ၎င်းပုလင်းများကို လေလံတင်ရောင်းသူမှာ အေဗီဝုဒ်ဘာရီဆိုသူဖြစ်ပြီး ဝိညာဉ် အတတ်ပညာရှင်တစ်ဦးဖြစ်သည်။

ထည့်သွင်းထား

ယင်းပုလင်းများထဲတွင် အဘိုးအိုတစ်ဦး၏ ဝိညာဉ်နှင့် မိန်းကလေးတစ်ဦး၏ ဝိညာဉ်များ ထည့်သွင်းထားသည်ဟု ဆိုသည်။ ၎င်းပုလင်းငယ်နှစ်လုံးကို ဝယ်ယူသွားသူများမှာ စီးကရက်ကုမ္ပဏီပိုင်ရှင်တစ်ဦးဖြစ်ကြောင်း သိရသည်။ အဆိုပါ ပုလင်းနှစ်လုံးနှင့်အတူ ဆွဲကြိုးတစ်ကုံးလည်း ပါဝင်သည်။ ဆွဲကြိုးရှိ ဆွဲသီးနောက်ဘက်ကို လက်ဖြင့် ထိကိုင်လိုက်သည်နှင့် ရှေ့ရှိ ရေနွေးကရားမှာ အလိုအလျောက် ဆူပွက်လာပြီး အခြားအခန်းများမှ လည်း ဆူညံသံများ၊ အော်သံများ ထွက်ပေါ်လာကြောင်း အေဗီဝုဒ်ဘာရီက လေလံဝယ်ယူသူအား ရှင်းပြခဲ့သည်။ ။ (အင်တာနက်)